# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ပြင်ဆင် ဖွဲ့စည်းရာတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည် မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းကြောင်းကြေညာခြင်း | ၅ |
| ၆ | တပ်ပိုင်မြေဧရိယာမဟုတ်သည့် မြေတချို့အား တပ်မတော်မှ လယ်ယာစိုက်ပျိုးမြေအဖြစ် အသုံးပြုနေမှုအား ပြန်လည်စိစစ်ပြီး ပြည်သူလက်ထဲ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ဂျပန်-ကိုရီးယားစက်မှုလက်မှုလုပ်ငန်းများ မြန်မာပြည်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ပြည်(နဝဒေး)တောင်ကုတ်လမ်းမကြီးအား B.O.T စနစ်ဖြင့် လုပ်ဆောင်ခဲ့ပြီး စာချုပ်ပါအချက်အလက် များအား ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ခဲ့မှု ရှိ/မရှိနှင့် ထိုလမ်းမကြီးအား ကောင်းမွန်အောင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၉ | မိုင်းပန်မြို့ရှိ မြို့နယ်ဦးစီးဌာနဆိုင်ရာရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၀ | မတူပီ-မင်းတပ်လမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၁ | ဗလမင်းထင်တံတားပေါ် ပြည်သူများဖြတ်သန်းသွားလာချိန်ကို ၂၄ နာရီ ပိတ်ချိန်မရှိခွင့်ပြုပေးရန်နှင့် မလိုအပ်သောစစ်ဆေးရေးဂိတ်ကို ဖြုတ်သိမ်း | ၃၁ |

ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၂ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အန္တရာယ်ရှိတံတားဖြစ်သော ဆွမ်ဗီယန်တံတားနှင့် ဖုန်အင်တံတားတို့အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၇

၁၃ ဒေါက်တာစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်က ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ကာ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်၏ ပထမ သုံးလပတ်အတွင်း အပြီးအပြတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း ၄၀

၁၄ ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၄၈

၁၅ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၄၉

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း ၅၆

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂-၈-၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင် ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **တပ်ပိုင်မြေဧရိယာ မဟုတ်သည့် မြေတချို့အား တပ်မတော်မှ လယ်ယာစိုက်ပျိုးမြေအဖြစ် အသုံးပြုနေမှုအား ပြန်လည်စိစစ်ပြီး ပြည်သူလက်ထဲ ပြန်လည် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၏ **ဂျပန်–ကိုရီးယား စက်မှုလက်မှု လုပ်ငန်းများ မြန်မာပြည်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **ပြည်(နဝဒေး) တောင်ကုတ် လမ်းမကြီးအား (BOT) စနစ်ဖြင့် လုပ်ဆောင်ခဲ့ပြီး စာချုပ်ပါ အချက်အလက်များအား ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ခဲ့မှု ရှိ၊မရှိနှင့် ထိုလမ်းမကြီးအား ကောင်းမွန်အောင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့ရှိ မြို့နယ်ဦးစီးဌာန ဆိုင်ရာ ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ အတွက် ဝန်ထမ်းအိမ်ရာ (၂) လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီ–မင်းတပ်လမ်းအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်၍ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဗလမင်းထင်တံတားပေါ် ပြည်သူများဖြတ်သန်းသွားလာချိန်ကို (၂၄)နာရီ ပိတ်ချိန်မရှိ ခွင့်ပြု ပေးရန်နှင့် မလိုအပ်သောစစ်ဆေးရေးဂိတ်ကို ဖြုတ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အန္တရာယ်ရှိ တံတားဖြစ်သော ဆွမ်ဗီယန် တံတားနှင့် ဖုန်အင်တံတားတို့အား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်က **"ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ကာ တည်ဆောက်ရေး တင်ဒါခေါ်ယူခြင်း လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်အတွင်း အပြီးအပြတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**သတ္တမနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန် ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊

(၂) တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး ခွင့် ၁ ရက်၊

(၃) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်၊

(၅) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊

(၆) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊

(၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၈) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊

(၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊

(၁၀) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၁၁) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ခွင့် ၁ ရက်၊

(၁၂) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၁၃) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊

(၁၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၁ ရက်၊

(၁၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၁၆) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊

(၁၇) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ခွင့် ၁ ရက်၊

(၁၈) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၁၉) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊

(၂၀) မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၂၁) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊

(၂၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၂၃) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊

မူကြမ်း

(၂၄) ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၂၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂၆) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၂၇) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊

(၂၈) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ခွင့် ၁ ရက်၊

(၂၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃၀) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၄ ရက်၊

(၃၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၃၂) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၃၃) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၃၄) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၃၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၃၆) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်နှင့်

(၃၇) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့

ခွင့်ပြုထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည် မြှင့်တင်ရေးအကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့(၃၁-၇-၂၀၁၉ ရက်နေ့)တွင် တင်ပြခဲ့ပါ တယ်။ အဖွဲ့ပြင်ဆင်ဖွဲ့စည်းမှုကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့မှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်စုစုလွင် (သုံးခွမဲဆန္ဒနယ်)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

၁။ ဒေါက်တာဒေါ်သန်းငွေ တောင်ကြီးမဲဆန္ဒနယ်

၂။ ဦးနိုင်ထူးအောင် နွားထိုးကြီးမဲဆန္ဒနယ်

၃။ ဒေါ်အေးအေးမူ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊

အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်

၄။ ဦးတင်အောင်ချို လက်ထောက်ဌာနေကိုယ်စားလှယ်(ငြိမ်း)၊ ကုလသမဂ္ဂ

ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ကို တာဝန်ပေးအပ်

ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တပ်ပိုင်မြေဇရိယာမဟုတ်သည့် မြေတချို့အား တပ်မတော်မှ လယ်ယာစိုက်ပျိုးမြေအဖြစ် အသုံးပြုနေမှုအား ပြန်လည်စိစစ်ပြီး ပြည်သူလက်ထဲ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ သာလီစွပါ။ ကျွန်တော်က ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်၊ ကန်စောက်တောင်ခြေရင်းမှာ အမှတ်(၃၇၇) အမြောက်တပ်ရင်း တစ်ခုရှိပါတယ်။ အဲဒီအမြောက်တပ်ရင်း စတင်တည်ဆောက်တဲ့ ၂၀၀၈-၂၀၀၉ ခုနှစ်ဝန်းကျင်လောက်မှာ တပ်ပိုင်မြေအဖြစ်နဲ့ နိုင်ငံတော်ကို လျှောက်ထားခဲ့တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါမှာ စုစုပေါင်းမြေဧက ၃၄၈.၇၉ ဧက လျှောက်ထားခဲ့ကြောင်း သိရပါတယ်။ နိုင်ငံတော်က ပြန်လည်ချပေးတဲ့အခါမှာ မြေရိုင်းဧက ၃၀၀.၈၄ ဧကကို ခွင့်ပြုမိန့်ချပေးခဲ့တယ်။ အဲဒီထဲမှာပါတဲ့ ၄၇.၉၅ ဧကကတော့ ဒေသခံတွေလုပ်စားနေကြတဲ့ လယ်ယာ၊ ဥယျာဉ်မြေဖြစ်တဲ့

အတွက်နဲ့ အဲဒါကို ခွင့်ပြုမိန့်ထဲမှာ ပါလာတာမတွေ့ရပါဘူး။ ဒါပေမဲ့ လျှောက်တဲ့အထဲမှာပါသွားတဲ့ ၄၇.၉၅ ဧကကို တပ်စတင်တည်ဆောက်တဲ့နှစ်ကစပြီး တပ်ကနေ လယ်မြေအဖြစ်နဲ့ လုပ်နေတယ် ဆိုတာလေးတွေ ကျွန်တော်တို့ သိရပါတယ်။ ကျွန်တော်တို့ဒေသဘက်တွေက စိုက်ပျိုးရေးကိုအခြေခံပြီး လုပ်စားနေကြတဲ့လူတွေဖြစ်တဲ့အတွက် အဲဒီဒေသရဲ့မိသားစုတွေ ရှင်သန်ရပ်တည်ရေးအတွက် လယ်ယာတွေက ကြီးမားတဲ့အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ အဲဒါလေးတွေကို သက်ဆိုင်ရာဝန်ကြီး ဌာနက ပြန်လည်စိစစ်ပြီးတော့မှ နိုင်ငံတော်ကခွင့်ပြုမိန့်ထဲမှာမပါတဲ့ လက်ရှိလည်း တပ်ကနေပြီး တော့မှ လယ်ယာမြေအဖြစ်နဲ့လုပ်နေတဲ့ ၄၇.၉၅ ဧကကို ပြန်လည်စိစစ်ပြီးတော့မှ မူလလုပ်ကိုင် စားသောက်ခဲ့ကြတဲ့ ပြည်သူတွေလက်ထဲကို ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ကျွန်တော့်ကို Power Point လေး တစ်ချက်လောက်ပြ ပေးပါ။ ဒါကတော့ နည်းနည်းဝါးပါတယ်။ ပြည်ထဲရေးကနေပြီးတော့မှ ခွင့်ပြုမိန့်ထုတ်ပေးထားတဲ့ အမိန့်ကြော်ငြာစာ ဖြစ်ပါတယ်။ ဒါကတော့ ကွင်းအမှတ်တွေနဲ့ ကျွန်တော့်ကို မြေစာရင်းကနေပြီးတော့မှ ထုတ်ပေးထားတဲ့ စာရင်းဇယားတွေဖြစ်ပါတယ်။ ဒါလေးတွေကိုလည်း ကျွန်တော်မေးခွန်းမေးတဲ့အခါ မှာ ပူးတွဲပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနကို ထည့်ပေးတဲ့အခါမှာ ဒါလေးတွေလည်း ပါသွားပါ တယ်။ ဒါကတော့ Google Map ထဲကနေပြီးတော့မှ တပ်ချထားတဲ့နေရာနဲ့ အဝါရောင်လိုင်းကတော့ ရန်ကုန်-စစ်တွေ လမ်းမကြီးဖြစ်ပါတယ်။ အပေါ်ကတော့ အပေါက်ဝကျေးရွာနဲ့ အမှတ်(၃၇၇) အမြောက်တပ်ရင်းကြားထဲက လယ်မြေတွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း၏ တပ်ပိုင်မြေဧရိယာ မဟုတ်သည့် မြေတချို့အား တပ်မတော်မှ လယ်ယာစိုက်ပျိုးမြေအဖြစ် အသုံးပြုနေမှုအား ပြန်လည် စိစစ်ပြီး ပြည်သူလက်ထဲ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့

ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ မြေဧရိယာ ၄၇.၉၅ ဧကမှာ အမှတ်(၃၇၇)အမြောက်တပ်ရင်းအဖြစ် စတင်သိမ်းဆည်းရန် လျာထားသည့်မြေ ၃၄၈.၇၇ ဧကအတွင်း ပါဝင်ခဲ့သော်လည်း ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ ရက်စွဲပါစာအမှတ်(၃၀၀/၂၅/ဦး-၁)ဖြင့် အမှန်တကယ်အသုံးပြု၍ သိမ်းဆည်းရေးဆောင်ရွက်ရာ၌ ၎င်းမြေဧရိယာ၏ ၄၇.၉၅ ဧကအား ချန်လှပ်၍ အစိုးရမှစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေလွတ်မြေဧရိယာ ၃၀၀.၈၄ ဧကကို သိမ်းဆည်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း Power Point မှာလည်း အမိန့်က ဒီအတိုင်းပဲဖြစ်ပါတယ်။ တင်ပြပြီးသားဖြစ်ပါတယ်။ အဆိုပါမြေ ၄၇.၉၅ ဧကမှာ တပ်ပိုင်မြေနှင့်နယ်နိမိတ်ထိစပ်လျက်ရှိသော်လည်း တပ်ပိုင်မြေအတွင်းမှာ ပါဝင်ခြင်းမရှိကြောင်းကို ဒေသခံတောင်သူလယ်သမားများကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှာ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးပြီးတော့ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိတွင်လည်း ကျွန်တော်တို့ လုပ်ကိုင်ခြင်းမရှိပါဘူး။ ဒေသခံတောင်သူလယ်သမားများကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ မြေများဖြစ်တဲ့အတွက်ကြောင့် တပ်ရင်းမှလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီနေ့ပဲ ကျွန်တော့်ကို အကူအညီတောင်းလာတဲ့ မူလလယ်ပိုင်ရှင်တွေဖြစ်တဲ့ တောင်သူလယ်သမားတွေနဲ့ မနက်ကလည်း ကျွန်တော် အဆက်အသွယ်ရပါတယ်။ ဝန်ကြီးပြောသလိုပဲ ဒီမေးခွန်းမေးထားတဲ့အချိန်မှာ မြို့နယ်က သက်ဆိုင်ရာမြေစာရင်းက ပုဂ္ဂိုလ်တွေနဲ့ ဒေသခံတွေနဲ့ အမြောက်တပ်က တာဝန်ရှိသူတွေနဲ့ တွေ့ပြီးတော့မှ တိုင်းတာမှုတွေလုပ်ကြတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဒါကတော့ တပ်မြေဖြစ်တယ်။ ဒါကတော့ တပ်မြေနဲ့မဆိုင်ဘူးဆိုပြီးတော့မှ အဲဒီမှာလည်း ရှင်းရှင်းလင်းလင်း ပြောခဲ့ကြတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဒီနေ့မနက်ပဲ ကျွန်တော်တို့ ဆက်သွယ်မေးမြန်းကြည့်တဲ့အခါမှာ အဲဒီမြေတွေကို ကျွန်တော်တို့လက်ထဲကို မရောက်သေးပါဘူး။ မူလအရင်ကလည်းပဲ တပ်ကနေပြီးတော့မှ လယ်မြေအဖြစ်နဲ့လုပ်ခဲ့တယ်။ ဒီနှစ်လည်း တပ်ကနေပြီးတော့ ထွန်ထားတာတွေ့ရပါတယ်။ မထွန်

ရသေးပါဘူးဆိုပြီးတော့မှ ဒီနေ့မနက်ပဲ ဆက်သွယ်ပြီးတော့ မေးမြန်းကြည့်တဲ့အခါမှာ ဒီလို ဖြေထားတာ ရှိပါတယ်။ အောက်ခြေနဲ့ နည်းနည်းကွာနေတဲ့၊ ဆီလျော်မှုမရှိတဲ့အခြေအနေမျိုးတွေ ကျွန်တော်တို့ တွေ့ရတဲ့အတွက် ဒါလေးတွေကို ပြန်လည်စိစစ်ပြီးတော့ ဒေသခံတွေရယ်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီးတော့မှ သေသေချာချာ ပြန်လည်ဖြေရှင်းပေးဖို့ အစီအစဉ်ရှိ/မရှိကို ထပ်ဆင့်မေးမြန်းလို ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။လွှတ်တော် ကိုယ်စားလှယ်ကြီး ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေရှင်း တင်ပြပါမယ်။ ဒီမေးခွန်းတွေကို ကျွန်တော်တို့က ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီလိုတိုင်ကြားစာမေးခွန်းတွေ၊ ကြယ်ပွင့်ပြမေးခွန်းတွေ ရောက်တဲ့အခါမှာ ကျွန်တော်တို့က သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ကို တာဝန်ပေးသလို သက်ဆိုင်ရာတိုင်းဒေသကြီးကလည်း မြို့နယ်မြေစာရင်းတွေကိုပေးပြီးတော့ စစ်ပါ တယ်။ စစ်တဲ့အခါမှာ သက်ဆိုင်ရာမြို့နယ်စာရင်းမှာ တာဝန်ရှိတဲ့လူတွေ၊ တပ်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာ ထွေ/အုပ် အုပ်ချုပ်ရေးမှူးတွေ ပါပါတယ်။ နောက်တစ်ခါ ရပ်မိရပ်ဖများလည်း ပါပါတယ်။ အဲဒီလိုသွားရောက်စစ်ဆေးတဲ့အခါမှာ တတ်နိုင်လို့ရှိရင်တော့ တိုင်ကြားစာမှာပါတဲ့ ကိုယ်စားလှယ်တော်ကြီးတွေကို ကျွန်တော်တို့က ဖိတ်ကြားပါတယ်။ ကျွန်တော်တို့ဖိတ်ကြားတာမဟုတ် ပါဘူး။ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းကနေပြီးတော့ ဖိတ်ကြားပြီးတော့ အဲဒီတိုင်ကြားစာပါတဲ့ နေရာကို သွားရောက်စစ်ဆေးလေ့ရှိပါတယ်။ ဒါဟာ လုပ်ရိုးလုပ်စဉ်ပဲဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ တပ်ကိုယ်စားလှယ်လည်းပါတယ်။ သက်ဆိုင်ရာနယ်မြေခံတပ်က ကိုယ်စားလှယ်လည်း ပါပြီးတော့ စစ်ဆေးခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ခုနက တင်ပြသွားသလိုပဲ တပ်ပိုင်မြေ ၃၀၀.၈၄ ဧကမှာ ကျွန်တော်တို့မပါတဲ့၊ ကျွန်တော်တို့နဲ့မဆိုင်တဲ့ မြေဧကနဲ့ပတ်သက်ပြီး တော့ ပါဝင်ခြင်းမရှိကြောင်းကို ၃-၄-၂၀၁၉ ရက်နေ့ နံနက်(၉)နာရီအချိန်မှ ၁၁:၃၀ အချိန်အထိ ပိန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ် လယ်/ဆည်စာရင်းအင်းဦးစီးဌာနမှူး၊ အမှတ်(၃၇၇) အမြောက်တပ်ရင်းမှ တာဝန်ခံ တပ်/ထောက် ဗိုလ်ကြီးနဲ့ ဒေသခံတောင်သူများမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာမှာ တပ်ပိုင်မြေဧရိယာ ၃၀၀.၈၄ ဧကအတွင်းမှာ ဒေသခံတောင်သူများရဲ့ လယ်ယာစိုက်ပျိုးမြေ၊ ဥယျာဉ်မြေ ၄၇.၉၅ ဧက ပါဝင်ခြင်းမရှိကြောင်းကို တောင်သူများကိုယ်တိုင်

စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်းကို ကျွန်တော်တို့ ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်လည်း မြေပုံရာဇဝင်နဲ့သွားပြီးစစ်တဲ့အခါမှာ အဲဒီမြေပုံထဲမှာပါဝင်တဲ့၊ ဘေးပတ်ဝန်းကျင်မှာ ပါဝင်တဲ့ တောင်သူ ၁၈ ဦးရဲ့နာမည်စာရင်းလည်းရှိပါတယ်။ ဦးမောင်စံသိန်း၊ ဦးလူကြီး၊ ဒေါ်ဦးခိုင်ရည်၊ ဦးကျော်သိန်း၊ ဦးကျော်အေး၊ ဦးထွန်းဦးကျော်၊ ဦးဖိုးစိန်၊ ဦးရွှေထွန်းမောင်၊ ဦးမောင်မောင်၊ ဦးကျော်စံလှ၊ ဦးအောင်ကျော်ဖြူ၊ ဦးစိန်ထွန်းမောင်၊ ဒေါ်ခိုင်ခိုင်ဦး၊ ဦးကျော်လှမောင်၊ ဦးစံလှထွန်း၊ ဦးလှမောင်၊ ဦးထွန်းမောင်၊ ဦးဘစော ဒီ ၁၈ ဦးနဲ့အတူသွားတာပါ။ သွားပြီးတော့ တောက်လျှောက် ရှင်းလင်းပြီးတော့ ပြောကြားတဲ့အတွက်ကြောင့် ကျွန်တော်တို့ဘက်ကအဖြေကတော့ ဒီဟာနဲ့ ပတ်သက်ပြီး တပ်နဲ့ပတ်သက်ခြင်းမရှိပါဘူး။ ကျွန်တော်တို့လည်း လုပ်ကိုင်ခြင်းမရှိပါဘူး။ ခုနပြောတဲ့ အဲဒီအချိန်မှာ သွားတဲ့အခါမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပါသွားတာတော့ ဒီစာရင်းမှာ မတွေ့ ရပါဘူး။ အဲဒီတော့ နယ်မြေမှာ တကယ်တမ်းဖြစ်တာမှန်လို့ရှိရင်တော့ နောက်ထပ် ကျွန်တော်တို့ ကနေ ပြီးတော့ သက်ဆိုင်ရာမြေစာရင်းဦးစီး၊ ထွေ/အုပ်ရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့တပ်ပိုင်းဆိုင်ရာ ကတော့ လုပ်ကိုင်ခြင်းမရှိပါကြောင်း ထပ်မံရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင် ပါပြီ။

**ဂျပန်-ကိုရီးယားစက်မှုလက်မှုလုပ်ငန်းများ မြန်မာပြည်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းရဲ့အဓိကရည်ရွယ်ချက် ကတော့ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိစိန်ခေါ်မှုတွေ အများကြီး ထဲမှာ နိုင်ငံသားတွေအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒါကို တချို့က ပြဿနာလို့ကင်ပွန်းတပ်ကြပြီး ဘာကြောင့်ဒီလိုသုံးနှုန်း ရသလဲလို့ လေ့လာတဲ့အခါ နိုင်ငံအတွင်းမှာ တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေဟာ နိုင်ငံခြားကို ထွက်ပြီး အလုပ်လုပ်ကိုင်နေကြတာတွေဟာ နိုင်ငံအတွက်ဆုံးရှုံးမှုတွေဖြစ်သလို အဲဒီလိုလုပ်ကိုင်ကြတဲ့

သူတွေထဲမှာ တရားဝင်သူတွေ၊ တရားမဝင်သူတွေ ပါတဲ့အခါကျတော့ တိုင်းတစ်ပါးနိုင်ငံတွေရဲ့ဥပဒေတွေအရ အမြဲတမ်းဖမ်းဆီးတာတွေ၊ စစ်ဆေးတာတွေခံရပြီး လူသားတစ်ယောက်ရဲ့မွေးရာပါလုံခြုံစိတ်ချရတဲ့ အာမခံချက်တွေ ဆုံးရှုံးနေရတာပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ဒီမှာဆိုရင် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ပြည်ပကိုတရားမဝင်၊ တရားဝင်သွားရောက်လုပ်ကိုင်တဲ့လူဦးရေစာရင်းကို တွေ့နိုင်မှာဖြစ်ပြီးတော့ အားလုံးပေါင်း နှစ်သန်းကျော်ပါတယ်။ ၂၀၁၈ ခုနှစ်စာရင်းမှာကျတော့ ငါးသန်းနီးပါးလောက်ရှိနေပြီလို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံသားတွေဟာ ပြည်ပရောက်အလုပ်သမားဦးရေကျား/မပေါင်း အဲဒီလိုများလာတဲ့အတွက်ကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ်စာရင်းတွေအရဆိုလို့ရှိရင် တစ်ရက်ကို ကျွန်တော်တို့အလုပ်သမားတွေတိုင်းပြည်ကနေထွက်ခွာတဲ့နှုန်းဟာ တစ်ရက်ကို ၄၀၄ ဦးရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ၄၉၈ ဦးအထိရှိတယ်လို့ သိရပါတယ်။ ဒီလိုအလုပ်လုပ်ကိုင်ရှာဖွေမှုတွေကို အသုံးချပြီး မိန်းကလေးငယ်တွေလူကုန်ကူးမှုခံရတာတွေ၊ သားမယားအဖြစ်ရောင်းချခံရတာတွေရှိသလို ယောကျ်ားလေးတွေရောင်းကုန်လိုရောင်းချခံရတာတွေဟာလည်း အနမကဂ္ဂ ဖြစ်ပါတယ်။ ဒါဆိုရင်လည်းပဲ အလုပ်အကိုင်၊ အခွင့်အလမ်းရှားပါးမှုပြဿနာနဲ့ ဝင်ငွေနည်းပါးလာမှုပြဿနာတွေကြောင့် အနယ်နယ် အရပ်ရပ်ကနေမြို့ကြီးပြကြီးတွေမှာ လမ်းဘေးကျူးကျော်ပြီး ဈေးရောင်းသူတွေရဲ့ဘဝ ဖြစ်ပါတယ်။ အဲဒီလို ကားကြီး၊ ကားငယ်တွေကြားမှာ အန္တရာယ်ကို ရင်ဆိုင်ပြီးတော့ ရုန်းကန်ရှာဖွေကြရတဲ့အနေးယာဉ်လုပ်သားတွေရဲ့ဘဝတွေ၊ ကယ်ရီသမားတွေရဲ့ဘဝဟာလည်း ခဏခဏ ယာဉ်တိုက်ပြီးတော့ ဆုံးရှုံးနေကြတာကို တွေ့ရှိရပါတယ်။

နာယကကြီးခင်ဗျား။ ဒီလိုဘဝတွေကို လွတ်မြောက်ဖို့ဆိုလို့ရှိရင် လွတ်မြောက်ဖို့နည်းလမ်းကိုရှာဖွေတဲ့နေရာမှာ ဖြတ်လမ်းကနေပြီးတော့ မူးယစ်ဆေးဝါးကျေးကျွန်ဖြစ်ပြီးတော့မှ မူးယစ်ဆေးဝါးရောင်းချတာတွေ၊ ဒုစရိုက်သမားတွေဖြစ်သွားကြတာတွေဟာလည်း အများကြီးပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ ဒီလိုပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အပြင် ကျွန်တော်တို့နိုင်ငံမှာ Inflation လို့ခေါ်တဲ့ ငွေကြေးဖောင်းပွမှုဟာဆိုရင်လည်းပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မတ်လအထိ ပို့ကုန်ပမာဏဟာ သွင်းကုန်ပမာဏနဲ့နှိုင်းယှဉ်လို့ရှိရင် သွင်းကုန်ဟာ ၈၉၆၅.၇၅၇ သန်းဖြစ်သလို ပို့ကုန်တန်ဖိုးပမာဏဟာ ၈၃၀၆.၂၂၃ သန်း။ ဒါ US သန်းပေါင်းပါ။ အဲဒီတော့ ကျွန်တော်တို့လိုငွေပမာဏဟာ

၇၅၉.၄၃ သန်းအထိအောင် ကွာဟချက်ဟာ အမြဲတမ်း Inflation နဲ့ ငွေကြေးရဲ့တန်ဖိုးနိမ့်ကျမှုကို ထိန်းသိမ်းနိုင်ဖို့ ခက်ခဲပါတယ်။ အဲဒီလိုပြဿနာတွေ ဖြေရှင်းနိုင်မှုဟာလည်း ကျွန်တော်တို့မှာ လိုအပ်လျက်ရှိပါတယ်။ ထို့အပြင် ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် အဲဒီလိုပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ စဉ်းစားတဲ့အပြင် Geo-Politics အရ မကြာခင်မှာ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ပိုးလမ်းမကို ရောက်တော့မှာဖြစ်တဲ့အတွက်ကြောင့် ကြိုတင်ပြင်ဆင်သောအားဖြင့်လည်းကောင်း၊ ကျွန်တော်တို့ နိုင်ငံတော်မှာရှိတဲ့ ဈေးကွက်မှာ Brand ဖြစ်နိုင်တဲ့ နိုင်ငံတကာက စက်ရုံ၊ အလုပ်ရုံတွေ၊ လယ်ယာ စိုက်ပျိုးရေးမှာပဲဖြစ်ဖြစ်၊ စက်မှုလက်မှုမှာပဲဖြစ်ဖြစ် လာရောက်ပြီးတော့ ကြိုတင်ရင်းနှီးမြှုပ်နှံပြီး ကျွန်တော်တို့လက်ဦးမှုရယူထားရမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကိုလည်းပဲ ဒီကိစ္စဟာ နှစ်ပေါင်း ၆၀ ကျော်လောက်ကြာအောင် အစိုးရအဆက်ဆက်မဖြေရှင်းနိုင်သေးတဲ့ကိစ္စမှာ နိုင်ငံတော်၏ အတိုင်ပင်ခံအနေနဲ့ နိုင်ငံတကာကိုပတ်ပြီးတော့ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကြိုးစားနေတာလည်း အားလုံးအမြင်ဖြစ်သလို ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ဦးပတ်ဝန်းကျင်လောက်မှာ ဂျပန်နိုင်ငံမှာ သွားပြီး တော့ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ ဂျပန်နှင့်ကိုရီးယား ရင်းနှီးမြှုပ်နှံမှုစက်ရုံများဟာ လာရောက်ပြီးတည်ထောင်ဖို့ အစီအစဉ်ရှိ/မရှိနှင့် အဲဒီလိုတည်ထောင်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့လူငယ်လူရွယ်တွေ အလုပ်အကိုင်ရရှိဖို့ အခွင့်အလမ်း မည်ကဲ့သို့ကြိုတင်ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ လက်ရှိအခြေအနေ မှာတော့ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဂျပန်နိုင်ငံမှ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၈၆.၃၂၆ သန်းနဲ့ ကိုရီးယားနိုင်ငံက စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၃၈၉၉.၈၂၆ သန်းကို ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ကစတင် ပြီးတော့ စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်နိုင်မည့်ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးနိုင်မည့်ကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုမြို့တော်တည်ဆောက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုချက်တင်ပြလာပါက ချက်ချင်းဦးစားပေးဆောင်ရွက်ပေး

သွားမည့်လုပ်ငန်းများအဖြစ် သတ်မှတ်ကြော်ငြာ၍ အမြန်ဆုံး ခွင့်ပြုမိန့်များကို ခွင့်ပြုပေးပြီး လိုအပ်သည်များကိုလည်းပဲ ပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၇)အရ ဝင်ငွေခွန်ကင်းလွတ်ခံစားနိုင်တဲ့ ဦးစားပေးမြှင့်တင်မယ့် ရင်းနှီးမြှုပ်နှံမှုများစာရင်းမှာလည်း ကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုဇုန်များတည်ထောင်သည့်လုပ်ငန်းများပါဝင်လျက်ရှိပါတယ်။ ထိုသို့စက်မှုလက်မှုလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများစာရင်းတွင် ထည့်သွင်းထားခြင်းကြောင့်လည်းကောင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့် ဆွဲဆောင်မှုကြောင့်လည်းကောင်း ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသာမက နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများ ရှိပါတယ်။

ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ Consortium ကိုသီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ထောင်သည့်ကုမ္ပဏီတွင် ပါဝင်တည်ထောင်ဆောင်ရွက်ခွင့်ကိုပြုခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းအမေရိကန်ဒေါ်လာ ၁၄၈.၁၄ သန်းရင်းနှီးမြှုပ်နှံထားပြီး ဖြစ်ပါတယ်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုကတော့ ၁.၇၂ ဘီလီယံကျော်လောက်ရှိပါတယ်။ ကိုရီးယားရင်းနှီးမြှုပ်နှံမှုအနေနဲ့ စုစုပေါင်းအမေရိကန်ဒေါ်လာသန်းပေါင်း ၁၆၈.၁၃ သန်းရင်းနှီးမြှုပ်နှံထားလျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်သို့ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနှင့်တကွ တခြားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများလည်း ဆက်လက်ဝင်ရောက်လျက်ရှိပါတယ်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ညောင်နှစ်ပင်မှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၂၀ ရင်းနှီးမြှုပ်နှံမည့် စက်မှုဇုန်စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Korea Land and Housing Corporation တို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ KMIC Development Co., Ltd. ကို ၂၀၂၅ ခုနှစ်မှာ အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစက်မှုဇုန်စီမံကိန်းပြီးစီးပါက ကိုရီးယားနိုင်ငံမှ စက်မှုလက်မှုလုပ်ငန်းများလည်း အလုံးအရင်းဝင်ရောက်လာနိုင်ပြီးတော့ အခြားနိုင်ငံမှ စက်မှုလက်မှုလုပ်ငန်းများလည်း ဝင်ရောက်လာနိုင်ပါတယ်။

လုပ်သားခန့်ထားမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၁(က)အရ ကျွမ်းကျင်မှုမလိုတဲ့လုပ်ငန်းများမှာ မြန်မာနိုင်ငံသားများကိုသာ ခန့်ထားရမည်ဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၁(ခ)အရ အဆင့်ဆင့်သော စီမံခန့်ခွဲမှုနည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ

နေရာများမှာ နိုင်ငံသားများခန့်အပ်နိုင်ရန်အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အစီအစဉ်များလည်း ဆောင်ရွက်၍ အစားထိုးခန့်အပ်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဂျပန်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်း၊ တိုးမြှင့်ခြင်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူညီမှုစာချုပ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး နှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူညီမှုစာချုပ်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုစီးဝင်စေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဂျပန်နိုင်ငံ တိုကျိုမြို့ ၌ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို လိုက်ပါတက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်ရေး အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာရင်းနှီးမြှုပ်နှံမှု ညီလာခံသို့ တက်ရောက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု များကိုလည်း ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။

အလားတူပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း က ကိုရီးယားသမ္မတ နိုင်ငံကုန်သွယ်ရေးဝန်ကြီး၏ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့ အထိ ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ကိုရီးယားရင်းနှီးမြှုပ်နှံမှုများ မြန်မာ နိုင်ငံအတွင်းသို့ ပိုမိုစီးဝင်လာစေရေးအတွက်ကိုလည်း ကိုရီးယားရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့အပြင် ဂျပန်အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်း(JICA)မှ ကျွမ်းကျင်သူများ၊ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့(JETRO)မှ ကျွမ်းကျင်သူတို့ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ Japan Desk အဖြစ် တွဲဖက်တာဝန်ပေးအပ်ကာ ဂျပန်ရင်းနှီးမြှုပ်နှံလိုသူများနှင့်တွေ့ဆုံ၍ အကြံဉာဏ်များပေးခြင်း၊ ဂျပန်ကုမ္ပဏီများမှ မေးမြန်းလာသည့် မေးခွန်းများအား ဖြေကြားပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးပြောထားတဲ့အချက်အရလည်း Vocational Training Center များတည်ထောင်ပြီးတော့ ဒီ Vocational Training Center မှာ

မြန်မာနိုင်ငံရဲ့ Human Resources Development ကို ဖြည့်ဆည်းတဲ့ နည်းလမ်းနဲ့ On Job Training နဲ့ လုပ်ငန်းခွင်မှာပဲ မြန်မာနိုင်ငံလုပ်သားများကို ဆက်လက်ပြီးတော့ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအနေနဲ့ ဖော်ပြရလို့ရှိရင် သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံက Vocational Training Center ကို ခေါ်ယူ၍ အနီး ပတ်ဝန်းကျင်များမှာရှိတဲ့ Local များကို Training များပေးလျက်ရှိသော်လည်း သီလဝါအထူးစီးပွားဇုန် မှာရှိတဲ့ Electronic Industry ကအစ Industry၊ စက်ရုံတော်တော်များက လုပ်ငန်းများကို ဆောင်ရွက် နေတဲ့ဒီလုပ်သားများကို On Job Training အနေနဲ့ပေးပြီးတော့ လုံလောက်စွာနဲ့ ဆောင်ရွက်လျက် ရှိတာကိုလည်း တွေ့ရှိရပါတယ်။

နောက် ကိုယ်စားလှယ်တော်ကြီးပြောတဲ့ Migration နဲ့ပတ်သက်လို့လည်း မြန်မာနိုင်ငံက တခြားနိုင်ငံသို့ သွားရောက်ပြီးတော့ အလုပ်လုပ်တဲ့အခါမှာ Professional တွေထွက်တာ ရှိသလိုမျိုး၊ ဒါမှမဟုတ်ဘဲနဲ့ အနီးအနားနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံကိုသွားတဲ့ မြန်မာနိုင်ငံမှ အလုပ်သမားအများစုကတော့ Semi Skilled နဲ့ Un-Skilled Worker များဖြစ်တာဖြစ်တဲ့အတွက် ၎င်း Migration, Labour Migrant လို့ခေါ်တဲ့ နိုင်ငံတကာကို ထွက်သွားတဲ့ မြန်မာနိုင်ငံမှ လုပ်သားများ ဟာ ထွက်သွားတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ Brain Drain ဖြစ်တယ်လို့ယူဆလို့မရဘဲနဲ့ ဒီလုပ်သား များပြန်ရောက်လာလို့ရှိရင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ၎င်းတို့ကို Future Brain Gain ဆိုတဲ့အနေနဲ့ သိရှိလိုက်နာပြီးတော့ ဆောင်ရွက်နိုင်ဖို့လို့ ဒီ Migrant Worker တွေကိုလည်း ကျွန်တော်တို့မြန်မာနိုင်ငံကို ပြန်လာတဲ့အခါမှာ ပိုမိုပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်စေနိုင်မယ့် Enabling Environment ကိုလည်းပဲ ဖန်တီးပေးဖို့အတွက်လည်း ဆက်လက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လူငယ်လူရွယ်များ လုပ်ငန်းကျွမ်းကျင်မှုနှင့် ဘာသာစကားအခက်အခဲမဖြစ်စေနိုင်ရေးနှင့်ပတ်သက်ပြီးတော့လည်း Vocational Training ကဲ့သို့ သော ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးမည့်လုပ်ငန်းများတွင် လည်းကောင်း၊ ဦးစားပေးမြှင့်တင်မယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်းကောင်း ထည့်သွင်းကာ အဆိုပါသင်တန်းကျောင်းများ ပိုမိုတိုးပွားစေရေးအတွက်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီးတော့ နိုင်ငံတကာအတွင်း၊ နိုင်ငံတော်အတွင်း ကျွမ်းကျင်လုပ်သားများ တိုးတက်များပြားစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိတွင်လည်း မြန်မာနိုင်ငံ

ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် သက်မွေးပညာသင်ပုဂ္ဂလိကကျောင်းသုံးခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့်ထုတ်ပေးထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးသွားတဲ့အတွက် လူငယ်လူရွယ်တွေနဲ့ တိုင်းပြည်ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်။ နှစ်ထောင်းအားရလည်း ရှိပါတယ်။ ကျွန်တော်ထပ်ပြီးတော့မှ ဆက်စပ်မေးချင်တာကတော့ ဒီလိုမျိုး Vocational Training School တွေ များများဖွင့်နိုင်ဖို့ရယ်၊ နောက်တစ်ခုက ဒီလိုဖွင့်တဲ့အခါမှာ သတင်းစာတွေ၊ ဂျာနယ်တွေကနေ ကျယ်ကျယ်ပြန့်ပြန့် Training မှာလာပြီးတော့မှ တက်နိုင်တဲ့လူငယ်လူရွယ်တွေကို ခေါ်ဖို့ရယ် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ အဲဒီအပြင်ကို လုပ်ခလစာများကိုလည်းပဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီအောင် ဘယ်လိုဆောင်ရွက်ထားပါသလဲဆိုတာကိုလည်း ထပ်ဆင့်ပြီးတော့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးဆက်အောင်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့ဆက်စပ်မေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားမှာ ဖြစ်ပါတယ်။ အဓိက Vocational Training Center တွေကို ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေတော်တော်များများမှာ အလားတူ Vocational Training Center အမြောက်အမြားကို တည်ထောင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အတွေ့အကြုံအရ Vocational Training Center များဟာ Supply Based Center များဖြစ်ပြီးတော့ Demand Based Center မဟုတ်လို့ရှိရင်တော့ ဒီ Vocational Training Center တွေ အောင်မြင်မှုမရှိတာကိုလည်း ကျွန်တော်တို့တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ Vocational Training Center တွေကို ဦးစားပေးပြီးတော့ Vocational Training Center တွေ မဖွင့်မနေရ ဖွင့်ရမယ်ဆိုပြီးတော့ ဆောင်ရွက်တာဟာ အိမ်နီးချင်းနိုင်ငံများရဲ့အတွေ့အကြုံအရ အောင်မြင်မှုမရှိတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ ဒီ Vocational Training Center တွေဟာ Demand Based ဖြစ်တဲ့ Training Center တွေပေါ်ပေါက်လာမှသာ ကျွန်တော်တို့အတွက် ပိုပြီးတော့ နိုင်ငံတော်အတွက် အကျိုးရှိပြီးတော့ အလုပ်သမားလူထုအတွက်လည်း အကျိုးရှိမယ့် Vocational Training Center

များဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောက်ပိုင်းကျလို့ရှိရင်တော့ Vocational Training Center ဆိုတာ Training သီးသန့်ပေးတဲ့ Center မဟုတ်တော့ဘဲနဲ့ နိုင်ငံတကာမှာ ဘယ်လိုပုံစံမျိုးကျယ်ပြန့်လာတာလဲဆိုရင် One Stop Human Resources Center ဆိုတဲ့ပုံစံမျိုးလည်း ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ Vocational Training Center ဆိုတာတော့ ၎င်း Center ကိုပဲ သင်တန်းသားတွေခေါ်ပြီးတော့ သင်ယူပေးတာပဲ ဖြစ်ပါတယ်။ One Stop Human Resources Center ဆိုတာကတော့ ခေါ်ယူပြီးတော့ Training ပေးတာမျိုးတင်မကဘဲနဲ့ ၎င်းတို့ကိုယ်တိုင် ဝန်ထမ်းများကို၊ အလုပ်သမားများကို Rescruit လုပ်ပြီးတော့ ဒီ Trainee တွေကို ဦးစားပေး Training ပေးပါတယ်။ Training ပေးပြီးတော့ တခြား Demand Based ဖြစ်လာတဲ့အခါမှာ လိုအပ်တဲ့ စက်ရုံ၊ အလုပ်ရုံများကို ၎င်းတို့ရဲ့ မိမိတို့ရဲ့လုပ်သားများအနေနဲ့ Contract စနစ်နဲ့ပြန်ပြီးတော့ ပံ့ပိုးပေးတဲ့စနစ်များလည်း နိုင်ငံတကာမှာ ရေပန်းစားလာတဲ့ သဘောမျိုး ရှိပါတယ်။ ဒါမျိုး Center တွေလည်း One Stop Human Resources Center တွေကလည်း မြန်မာနိုင်ငံမှာ တစ်စထက်တစ်စ ပေါ်ပေါက်လာမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာ ဖွင့်လှစ်ထားတဲ့ ဂျပန်နိုင်ငံကလာရောက်ဆောင်ရွက်နေတဲ့ Vocational Training Center တစ်ခုဟာလည်း One Stop Human Resources Center အနေနဲ့ လာရောက်ပြီးတော့ ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ Vocational Training Center တွေဟာ Supply Based မဖြစ်စေဖို့နဲ့၊ Demand Based ဖြစ်စေဖို့လို့အတွက်လည်း မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ပံ့ပိုးနိုင်စရာရှိတာကို ပံ့ပိုးပြီးတော့ Enabling Environment တစ်ခုကိုလည်း ဖန်တီးပေးနိုင်ဖို့ လိုပါတယ်။ ဒါ့အပြင် လုပ်ခလစာနဲ့ပတ်သက်လို့ကလည်း အနည်းဆုံးလုပ်ခလစာကို ဥပဒေနဲ့ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒီလုပ်ခလစာက တော်တော်လေးကို Sensitive ဖြစ်တဲ့ ဧရိယာတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကျွန်တော်တို့ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီလုပ်ခလစာဟာ ဝင်ရောက်လာတဲ့ Investor တွေ ပေးနိုင်တဲ့လစာထက်ပိုပြီးတော့ များသွားတဲ့နေရာတွေမှာ Investor တွေနဲ့ Commercially Viability သွားဖြစ်တဲ့လုပ်ငန်းတွေလုပ်နိုင်လို့မရဘဲနဲ့ အဲဒီနိုင်ငံကနေ ပြန်ထွက်သွားရတဲ့ အစဉ်အလာမျိုးတွေလည်း ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ဒီလုပ်ခလစာနဲ့ပတ်သက်လို့ကတော့ အိမ်နီးချင်းနိုင်ငံတွေမှာ ဆက်လက်ပြီးတော့ ဆောင်ရွက်နေတာကတော့ Industry Life Cycle ဆိုတာနဲ့ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်ပါတယ်။ Industry တစ်ခုဟာ တိုးတက်လာပြီးတော့ Introductory Stage ကနေပြီးတော့ Maturity Stage

ဖြစ်ပြီးတော့ နောက်ဆုံး Decline Stage ကို Industry ရောက်သွားတဲ့အချိန်မှာ Another Industry တစ်ခုကနေပြီးတော့ Decline Stage မရောက်ခင်မှာ Introductory Stage ကို စနိုင်ရမှာ ဖြစ်ပါတယ်။ လုပ်ခလစာကလည်း Industry Life Cycle အပေါ်မူတည်ပြီးတော့ Industry အမျိုးအစားပေါ်မူတည်ပြီးတော့ လုပ်ခလစာမြှင့်တင်နိုင်သလို၊ လုပ်ခလစာမြှင့်တင်လို့မရတဲ့ Industry တွေလည်းရှိပါတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ Labour Intensive Industry ဆိုတဲ့ Industry ဟာ Introductory Stage ဘယ်လောက်ပဲရှိနေသေးတယ်ဆိုလို့ရှိရင် ဒါမှမဟုတ်ရင် Maturity Stage လောက်ပဲရှိနေသေးတယ်ဆိုလို့ရှိရင် လုပ်ခလစာကို ဒီ Industry မှာမပေးနိုင်တဲ့ လုပ်ခလစာမြှင့်တင်လိုက်မယ်ဆိုလို့ရှိရင်တော့ Another Industry Life Cycle မစခင်မှာ Industry Life Cycle Gap ဖြစ်ပြီးတော့ တိုးတက်မှုများ ဖွံ့ဖြိုးရေးနှောင့်နှေးသွားရတဲ့ပုံစံမျိုးလည်း ဖြစ်တတ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ မြန်မာနိုင်ငံအတွက် လုပ်ခလစာဟာ အရမ်းအရေးကြီးပါတယ်။ အလုပ်သမားတွေအတွက် တကယ်ကိုအရေးကြီးတဲ့ Factor တစ်ခုဖြစ်ပါတယ်။ အဲဒီ Factor ကို အောင်မြင်နိုင်ဖို့လို့အတွက်ကလည်း နိုင်ငံတော်အနေနဲ့ အနည်းဆုံးလုပ်ခလစာကလည်း သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အနည်းဆုံးလုပ်ခလစာကိုလည်း Revive လုပ်သွားမယ်လို့ ကျွန်တော်တို့အနေနဲ့လည်း ယုံကြည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နားလည်ထားရမှာက လုပ်ခလစာသည် ကျွန်တော်တို့ဆီမှာရှိနေတဲ့ Industry Life Cycle ထက်ပိုပြီးများတဲ့ လုပ်ခလစာမျိုး မဖြစ်သွားစေနိုင်အောင်လို့လည်း ဆန်းစစ်မှုများ၊ စိစစ်မှုများ ဆက်လက်ပြုလုပ်ဆောင်ရွက်လျှင် ပိုပြီးကောင်းမယ်ဆိုတာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပြည်(နဝဒေး)တောင်ကုတ်လမ်းမကြီးအား B.O.T စနစ်ဖြင့် လုပ်ဆောင်ခဲ့ပြီး စာချုပ်ပါအချက်အလက်များအား ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ခဲ့မှု ရှိ/မရှိနှင့် ထိုလမ်းမကြီးအား ကောင်းမွန်အောင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် B.O.T စနစ်ဖြင့် ဆောက်လုပ်ခဲ့သော

ပြည်(နဝဒေး)တောင်ကုတ်လမ်းမကြီးနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်မကို Power Point ဖြင့် အသုံးပြုတင်ပြခွင့်ပြုပါရှင်။ ဒီလမ်းမကြီးဟာဆိုရင် ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးကို အဓိကဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီတို့ဟာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ စတင်ပြီး B.O.T စနစ်ဖြင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လို့ စတင်လုပ်ကိုင်ခဲ့ပြီး သုံးနှစ်အကြာမှာပဲ ဆောင်ရွက်နိုင်ခြင်းမရှိလို့ဆိုပြီး လမ်းမရဲ့သုံးပုံတစ်ပုံ ၃၃ မိုင်ကို ၁၈-၆-၂၀၁၃ ရက်နေ့မှာ ပြန်လည်အပ်နှံခဲ့ကြောင်း သိရှိရပါတယ်။ ဒီတော့ မူလစာချုပ်အရ အခွန်သုံးနှစ်ကင်းလွတ်ခွင့်ရရှိခဲ့အတွက် နိုင်ငံတော်မှ အခွန်တစ်ပြားတစ်ချပ်မှမရဘဲ နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ မူလစာချုပ်ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုခဲ့တာလည်း တွေ့ရပါတယ်။ ဒီနေရာမှာ မရှင်းလင်းတာက ၃၃ မိုင်ကို ၂၀၁၃ ခုနှစ်ကတည်းက အပ်နှံခဲ့တာဖြစ်ပေမဲ့လည်း စာချုပ်ကို ၂၀၁၇ ခုနှစ်ကျမှသာ ပြန်လည်ပြင်ဆင်ချုပ်ဆိုထားတာ တွေ့ရပါတယ်။ ဒါဟာဘာကြောင့် ဒီလိုပြန်အပ်ခဲ့တဲ့နှစ်နဲ့ ပြန်လည်ပြင်ဆင်ချုပ်ဆိုခဲ့တဲ့နှစ် ကွာဟနေတာသိချင်ပါတယ်။ နောက်တစ်ခါ စာချုပ်ပြင်ဆင်ပြီးတစ်နှစ်မပြည့်ခင် ၁၃-၃-၂၀၁၈ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအမှတ်စဉ်(၉/၂၀၁၇)အရဟုဆိုဟာ ကျန်ရှိတဲ့လုပ်ငန်းအားလုံးကိုပါ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ပြန်လည်ထိန်းသိမ်းရန် ဆုံးဖြတ်ဆောင်ရွက်ကြကြောင်းကိုလည်း သိရှိရပါတယ်။ တကယ်တမ်းစာချုပ်မှာပါတဲ့အတိုင်းဆိုရင် ပဋိညာဉ်စာချုပ်ကို ရပ်စဲလိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြအတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနရဲ့သာမန်အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ စာချုပ်ကို ဖြတ်သိမ်းခဲ့ကြရခြင်းဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ များစွာဆုံးရှုံးနစ်နာတဲ့အပြင် ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းဟာ လုံးဝလွဲမှားနေတာ တွေ့ရပါတယ်။ ဒီတော့ နိုင်ငံတော်ကိုယ်စား ဆောင်ရွက်တဲ့ ဝန်ကြီးဌာနဟာ နိုင်ငံတော်နှင့်ပုဂ္ဂလိက B.O.T စနစ်ဖြင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ဆောင်ရွက်ကြတဲ့ကိစ္စမှာ နိုင်ငံတော်နှင့် ပြည်သူ့မျက်နှာကို မထောက်ထားဘဲ စီးပွားရေးလုပ်ငန်းရှင်ကိုသာ တစ်ဖက်သက်ဦးစားပေးခဲ့တာကို စာချုပ်များအရတွေ့ရှိရပါတယ်။ ဒီထက်ပိုဆိုးတာက နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီဟာ ဒီလုပ်ငန်းကို အကြောင်းပြပြီး MEB ဘဏ်ကနေပြီးတော့ ၇.၅ ဘီလီယံကျပ်ကို ၂၀-၁၀-၂၀၁၁ ရက်နေ့မှာ ချေးယူခဲ့ပါတယ်။ ဒီချေးယူတဲ့နေရာမှာလည်း ယခုပြည်-တောင်ကုတ်လမ်း ၁၀၂ မိုင်နှင့် တောင်ကုတ်-သံတွဲ-ပေလီ-လုံးသာ-မဇင်လမ်း ၅၆ မိုင် ၇ ဖာလုံကို လုပ်ငန်းအာမခံအဖြစ်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့

အစိုးရအာမခံအဖြစ်လည်းကောင်း၊ ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်များပိုင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း အာမခံ၍ချေးယူခဲ့ခြင်းဖြစ်ကြောင်းသိရပါတယ်။ ဒီနေရာမှာ ထူးဆန်းအံ့ဩဖွယ်ဖြစ်နေတာက ယခုမှစတင်ဆောင်ရွက်ရမည့် ပြည်-တောင်ကုတ်လမ်း ၁၀၂ မိုင်ကိုပါ လုပ်ငန်းအာမခံစာရင်းထဲမှာ တင်သွင်းထားခြင်းပဲ ဖြစ်ပါတယ်။ အဲဒီချေးငွေကိုလည်း ဘဏ်ကနေပြီးတော့ ဆိုင်းငံ့ကာလငါးနှစ်၊ အတိုး၊ အရင်းဆပ်ကာလ ရှစ်နှစ်ရှစ်ရစ်ဖြင့် အကျေဆပ်ရန်ထုတ်ချေးခဲ့တာဖြစ်ပြီးတော့ ဒီနှစ်ထက်ထိဆပ်ရမည့် ပထမအရစ်နှင့်ဒုတိယအရစ်ကို လုံးဝပေးသွင်းခဲ့ခြင်းမရှိကြောင်းလည်း သိရပါတယ်။ ဒီနေရာမှာ စဉ်းစားစရာဖြစ်နေတာက ငွေချေးဖို့အတွက် လုပ်ငန်းပြခဲ့တာလားဆိုတာပဲ ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် လက်ရှိပြည်-တောင်ကုတ် လမ်းရဲ့အခြေအနေဟာ အင်မတန်ဆိုးရွားနေတာပဲ ဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေကို Power Point ဖြင့် ဆက်လက်ပြီး တင်ပြအပ်ပါမယ်ရှင်။ ဒါဟာဆိုလို့ရှိရင် ဒီနေ့ထက်ထိ လမ်းပိတ်ဆို့ထားတဲ့ စစ်ဆေးရေးဂိတ်ပဲဖြစ်ပါတယ်။ ဒါကလည်း လက်ရှိလမ်းအခြေအနေပဲ ဖြစ်ပါတယ်။ ဒါလည်း လက်ရှိ လမ်းအခြေအနေပါ။ ဒါကတော့ လမ်းတော်တော်များများ၊ နေရာတော်တော်များမှာ ကမ်းပါးတွေပြိုကျနေပြီးတော့ ဒီလိုပဲဖြစ်နေတာတွေက အများကြီးပါ။ ဒါပေမဲ့ အချိန်ကန့်သတ်ချက်အရ ဒီလောက်ပဲ တင်ပြနိုင်တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုပြသခဲ့တဲ့ပုံတွေဟာ မနေ့ကပဲ ရိုက်ထားခဲ့တဲ့ပုံတွေပဲ ဖြစ်ပါတယ်။ ယခုဆိုရင်လုပ်ငန်းပြန်အပ်ခဲ့တာ တစ်နှစ်ကျော်ပြီပဲ ဖြစ်ပါတယ်။ ဒီတော့ ဒေသခံလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် ပြည်သူတွေနှင့်တွေ့ဆုံတဲ့အခါမှာရော၊ ဆိုရှယ်မီဒီယာတွေကနေတစ်ဆင့်ရော ဒီလမ်းနှင့်ပတ်သက်ပြီးတော့ တင်ပြတောင်းဆိုမှုတွေရှိနေပါတယ်။ ကျွန်မကိုယ်တိုင်လည်း လွှတ်တော်နားတိုင်း ဒီလမ်းကပဲ သွားနေရတာဖြစ်ပါတယ်။ သွားရတဲ့အခါမှာလည်း ကားဟာ လမ်းအရမ်းဆိုးတဲ့အတွက် လိပ်သွားရသလိုပဲ သွားနေရပါတယ်။ ပြည်သူတွေရဲ့ ပြစ်တင်ပြောဆိုသံတွေကိုလည်း ကားစီးတိုင်းအမြဲကြားနေရပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ မေးခွန်းထုတ်လိုတာကတော့ B.O.T စနစ်နှင့်လုပ်ငန်းလုပ်တယ်။ မလုပ်နိုင်လို့ ပြန်အပ်တာကိုလည်း လက်ခံပါတယ်။ ဒီလုပ်ငန်းကိုပြပြီး ဌာနကနေ အာမခံပြီးတော့ ငွေကိုဘီလီယံချီ ချေးပေးထားတယ်။ ဆပ်ရမည့်အချိန်ရောက်တာတောင် တစ်ပြားတစ်ချပ်မှ မဆပ်နိုင်ဘူး။ အဲဒီတော့ B.O.T ကိစ္စနှင့်ပတ်သက်ပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ ဌာနအနေနဲ့ အားနည်းလွန်းမနေဘူးလား။ နောက်ပြည်သူ့လွှတ်တော်မှာလည်း B.O.T စာချုပ်ချုပ်ဆို

ပြီးတဲ့ လုပ်ငန်းလမ်းမကြီးတွေနှင့်ပတ်သက်ပြီးတော့ တင်သွင်းခဲ့တဲ့အဆိုတွေဟာ အတည်ပြုပြီးသား ဖြစ်ပါတယ်။ အခုဆို စိတ်တိုင်းကျဆုံးဖြတ်လုပ်ကိုင်ထားခဲ့တဲ့ဒီလမ်းကို ဌာနလက်ထဲပြန်ရောက်နေတာ လည်း တစ်နှစ်ကျော်ပြီဖြစ်တဲ့အတွက် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဘယ်လို ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ များကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်မှ မေးမြန်းထားတဲ့ ပြည်(နဝဒေး)-တောင်ကုတ်လမ်းမကြီးအား B.O.T စနစ်ဖြင့် လုပ်ဆောင်ခဲ့ပြီး စာချုပ်ပါအချက်အလက်များအား ကုမ္ပဏီမှ လိုက်နာဆောင်ရွက် ခဲ့မှုရှိ/မရှိနှင့် ထိုလမ်းမကြီးအားကောင်းမွန်အောင် မည်ကဲ့သို့ ဆက်လက်စီမံဆောင်ရွက်ပေးမည်နည်း ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်-(နဝဒေး)-တောင်ကုတ်လမ်း ၁၀၂ မိုင် ၂ ဖာလုံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်တွင် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် B.O.T စနစ်ဖြင့် ဆောက်ရွက်ရန် အတွက် ကုမ္ပဏီမှအဆိုပြုတင်ပြခြင်းမရှိဘဲ ရခိုင်တိုင်းရင်းသားပိုင် ကုမ္ပဏီဖြစ်သည့် နေလသစ္စာ ဆောက်လုပ်ရေးကုမ္ပဏီအား ၁၃-၂-၂၀၁၀ ရက်နေ့မှစ၍ B.O.T စနစ်ဖြင် တိုက်ရိုက်တာဝန်ပေး ဆောင်ရွက်ခွင့်ပြုခဲ့ပြီးတော့ ၁-၉-၂၀၁၁ ရက်နေ့မှာ MIC ဖြင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ နေလ သစ္စာကုမ္ပဏီမှ ၁၈-၆-၂၀၁၃ ရက်နေ့တွင် ၎င်းတို့တာဝန်ယူဆောင်ရွက်နေသော ၁၀၂ မိုင် ၂ ဖာလုံ အနက် မိုင်တိုင်အမှတ်(၄၁/၀) မှ (၇၄) အထိ ၃၃ မိုင်ကို ပြန်လည်အပ်နှံခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီးတော့ မိုင်တိုင်အမှတ်(၀/၀) မှ (၄၁/၀)အထိ ၄၁ မိုင်

နှင့်မိုင်တိုင်အမှတ်(၇၄) မှ (၁၀၂/၂) အထိ ၂၈ မိုင် ၂ ဖာလုံ စုစုပေါင်း ၆၉ မိုင် ၂ ဖာလုံအား B.O.T စနစ်ဖြင့် နေလသစ္စာကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

နေလသစ္စာကုမ္ပဏီမှ ဆောင်ရွက်သောလမ်းပိုင်း စုစုပေါင်းအရှည် ၆၉ မိုင် ၂ ဖာလုံအတွက် လမ်းအသုံးပြုခကောက်ခံရေးဂိတ် သုံးဂိတ်ထားရှိခဲ့ပြီးတော့ လမ်းအသုံးပြုခများ ကောက်ခံဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလမ်းပိုင်းများနှင့်ပတ်သက်၍ စိစစ်တင်ပြရမည်ဆိုပါလျှင် ဖြတ်သန်းသွားလာသည့်ယာဉ်အရေအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ လိုက်လျောညီထွေမဖြစ်ခြင်း၊ လမ်းပိုင်းကို ထပ်မံအဆင့်မြှင့်တိုးတက်ပြင်ဆင်နိုင်ဖို့အတွက် အခြေအနေမရှိခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအသုံးပြုခကောက်ခံရေးဂိတ် သုံးဂိတ်စလုံးကို ၃၁-၃-၂၀၁၈ ရက်နေ့ ည ၁၂ နာရီအချိန်က စတင်ပိတ်သိမ်းခဲ့ပြီးတော့ ပြည်သူများကို အခမဲ့ဖြတ်သန်းခွင့်ပြုခဲ့ပါတယ်။ ယခုလက်ရှိအခြေအနေမှာတော့ အဆိုပါ B.O.T လမ်းပိုင်းတစ်ခုလုံး၏ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်(နဝဒေး)-တောင်ကုန်လမ်းပိုင်းအား တာဝန်ယူဆောင်ရွက်သော B.O.T ကုမ္ပဏီနှင့် Termination Agreement လက်မှတ်ရေးထိုးဖို့ လိုအပ်ပါတယ်။ အဲဒီတော့ Termination Agreement လက်မှတ်ရေးထိုးပြီးမှသာလျှင် နိုင်ငံတော်မှ တရားဝင်လွှဲပြောင်းရယူပြီးတော့ လမ်းပိုင်းများကို အဆင့်မြှင့်တင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ Termination Agreement ထိုးဖို့ B.O.T ကုမ္ပဏီစာချုပ်ကို ရပ်ဆိုင်းပြီးတော့မှ ဒီနောက်ဆုံးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ငွေလုံးငွေရင်းရန်ပုံငွေ တင်ပြပြီးတော့ လမ်းအဆင့်မြှင့်တင်ဖို့ကိစ္စအတွက်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ ကျွန်မကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ရှင်။ Power Point Slide (၆) နှင့် (၇) ကို တစ်ချက်လောက်ပြန်ပြပေးပါ။ ဒီထဲမှာဆိုလို့ရှိရင် လွှတ်တော်ထဲက ဘဏ်များနှင့်ငွေကြေးဆိုင်ရာကော်မတီကနေတစ်ဆင့် လမ်းဦးစီးဌာနကို မေးမြန်းခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးမှာ လမ်းဦးစီးဌာနက ဖြေထားခဲ့တဲ့ဟာ ရှိပါတယ်။ ယင်းငွေအား ဘဏ်မှဆိုင်းငံ့ကာလငါးနှစ်၊ အတိုးအရင်းဆပ်ကာလရှစ်နှစ်ဖြင့် အကြေဆပ်ထုတ်ချေးခဲ့ခြင်း

ဖြစ်ပြီး ၁၉-၁၀-၂၀၁၇ ရက်နေ့တွင် ဆပ်ရောက်ခဲ့သည့် ပထမအရစ် အရင်း၊ အတိုးငွေ ၁၉-၁၀-၂၀၁၈ ရက်နေ့တွင် ဆပ်ရောက်ခဲ့သည့် ဒုတိယအရစ်နှင့်အတိုး၊ အရင်းငွေ ပေးသွင်းခဲ့ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ချေးငွေကျပ် ၇.၅ ဘီလီယံနှင့် အတိုးငွေများအား ပုံမှန်ပေးဆပ်နိုင်ခြင်း မရှိသေးသောကြောင့် မြန်မာ့စီးပွားရေးဘဏ်မှ တရားစွဲဆိုသွားမည့် အခြေအနေရှိပါကြောင်း ဖြေကြားအပ်ပါတယ်ဆိုပြီး တော့ ဖြေကြားထားတာရှိပါတယ်။ ဒီဟာနှင့်ပတ်သက်ပြီးတော့လည်း အဲဒီဖြေကြားထားတဲ့ရက်ဟာ ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်နေ့က ဖြေထားတာ ဖြစ်ပါတယ်။ ကျွန်မတို့ ၈ လပိုင်း ၂ ရက်နေ့ကို ရောက်သွားပါပြီ။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ တရားစွဲဆိုမှုကိစ္စတွေအပိုင်းက ဘယ်လို အခြေအနေရှိ သလဲဆိုတာကိုလည်း သိချင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ဆက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလမ်းပိုင်းကြီးက ၂၀၁၀ ခုနှစ်မှာ သူတို့စလုပ်တဲ့အချိန်တုန်းက ဘဏ်ကနေပြီးတော့ ပိုက်ဆံချေးခဲ့ပါတယ်။ ဘဏ်ကနေပြီးတော့ ၇.၅ ဘီလီယံကျပ်ချေးပြီးတော့ ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ အခု ကျွန်တော်တို့က ပြန်သိမ်းလိုက်တဲ့အချိန်မှာ မလုပ်နိုင်လို့ ပြန်သိမ်း တယ်။ ကိုယ့်ဟာနှင့် ကိုယ်ဆက်လုပ်တဲ့အချိန်မှာ ဒီဘဏ်ချေးငွေရှိနေလို့ ဒီ Termination Agreement ထိုးဖို့မှာ အခုက အခက်အခဲတွေ့နေတာဖြစ်ပါတယ်။ Termination Agreement ထိုးလိုက်မယ်ဆိုရင်တော့ ရှင်းပါတယ်။ ဆိုလိုတာက ယခင်လည်း B.O.T ကုမ္ပဏီတွေကို ဒီလိုမျိုးသိမ်း လိုက်ပြီးတော့ နိုင်ငံတော် ကနေပြီးတော့ သူတို့မလုပ်နိုင်တော့ဘူးဆိုပြီး သိမ်းလိုက်ပြီးတော့ နိုင်ငံတော် ကဆက်လုပ်တာရှိပါတယ်။ သို့သော်လည်း ဒီနေရာမှာ ဘဏ်ချေးငွေတစ်ခုကပါနေတာရှိတော့ အဲဒီ အချိန်အခါမှာ ဒီဟာနှင့်ပတ်သက်ပြီးတော့ သဘောထားမှတ်ချက်တွေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတို့ကို သဘောထားမှတ်ချက်များ မေးတဲ့အချိန်ကျတော့ ဒီဘဏ်ချေးငွေကိစ္စကို ရှင်းလင်း ပေးရမည်ဆိုတဲ့ အချက်ပါလာပါတယ်။ ပါလာတော့ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ နေလသစ္စာကုမ္ပဏီကို ကျွန်တော်တို့ကနေ စာနှင့်မေးလိုက်ပါတယ်။ ဒါကိုရှင်းပါဆိုတော့။ နေလသစ္စာကုမ္ပဏီက ၂၀၁၀ ခုနှစ် ကနေ အခု အချိန်အထိ သူတို့ ရင်းနှီးမြှုပ်နှံထားရတဲ့ ဘီလီယံပေါင်းက ၁၇ ဘီလီယံကျော်ရှိတယ်။ ဒါကြောင့်မို့လို့ ဒါနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အတိုးပေးထားက လေးဘီလီယံ ကျော်ရှိတယ်။

အဲဒီတော့ ကြားထဲမှာက တစ်နှစ်တစ်နှစ်ကို အတိုးက ကျပ်သိန်း ၈၀၀၀ လောက်ပေးရတယ်။ အဲဒီတော့ ကောက်ခံရရှိတဲ့ ငွေကြေးက ကျပ်သိန်း ၁၀၀၀ ကျော်ပဲရတဲ့အတွက် ဒီဟာနှစ်ခုဟာ Balance မဖြစ်တဲ့အတွက် ဒေဝါလီခံတဲ့သဘော။ ဆိုလိုတာက ဒါကြီးတစ်ခုလုံးကို နိုင်ငံတော်က ပြန်ယူပြီးတော့မှ နိုင်ငံတော်ကစီမံခန့်ခွဲပေးပါဆိုတဲ့အတွက် အဲဒီအခြေအနေမျိုးမှာ တင်ပြလာတာဖြစ်ပါတယ်။ ကျွန်တော်တို့က ကြားထဲမှာဒီအတိုင်းနေရင် ပြည်သူတွေပဲ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်မှာ စိုးတဲ့အတွက် အခုအချိန်မှာ သာမန်ပြင်/ထိန်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြီးတစ်ခုလုံး လမ်းအဆင့်မြှင့်ဖို့တော့ နိုင်ငံတော်ဘတ်ဂျက်ထဲ ငွေလုံငွေရင်းဘတ်ဂျက် ထည့်ဖို့ဆိုရင်တော့ Termination Agreement ထိုးဖို့လိုအပ်ပါတယ်။ဒါကြောင့်မို့လို့ Termination Agreement ထိုးဖို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခုအချိန်မှာတော့ ညှိနှိုင်းဆွေးနွေး နေပါတယ်။ ဆွေးနွေးတဲ့အခါကျတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အကြမ်းပြောတာက ကြားထဲမှာ ကျွန်တော်တို့နှင့်ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါကျတော့ သူကတင်ပြထားတာ သူရင်းထားတာ ၁၇ ဘီလီယံရှိတယ်ဆိုတဲ့အခါကျတော့ ဒီဟာနှင့်ပတ်သက်ပြီးတော့လည်း ဟုတ်/မဟုတ်။ ဒါလည်း ရှိချင်မှရှိမယ်။ ဒါကိုပြန်စစ်ဖို့အတွက်ကို Third Party ဆိုပြီးတော့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကို ဝင်ရောက်စိစစ်ပေးပါဆိုပြီး ညှိနှိုင်းထားပါတယ်။ ဆိုလိုတာကတော့ ဒါနှင့်ပတ်သက်ပြီးတော့ Termination Agreement ထိုးပြီးမှသာလျှင် ဒီဟာကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။ အခုကတော့ ဒါနှင့်ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးကို မေးလိုက်ပါတယ်။ မေးလိုက်တဲ့အခါကျတော့ ဒါနှင့်ပတ်သက်ပြီး တရားစွဲဆိုသွားရမယ်ဆိုပြီးတော့ ပြောပါတယ်။ တရားစွဲတာက ဘယ်သူကစွဲရမလဲ ဆိုတော့ ဘဏ်ကနှင့်စွဲရပါမယ်။ ဘဏ်ကနေ နေလသစ္စာကုမ္ပဏီကို တရားစွဲရပါမယ်။ တရားစွဲပြီးမှ တရားရုံးမှာရင်ဆိုင်ရမယ်ဆိုပြီးတော့ ပြောထားပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ဒီတရားစွဲဖို့ကိစ္စတွေရော၊ ကျန်တဲ့ကိစ္စတွေရောအားလုံးဟာ ကျွန်တော်တို့နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ Termination Agreement မူလကတည်းက မရေးထိုးထားလို့ ပေါ်ပေါက်လာတဲ့ ပြဿနာဆိုရင်လည်း ဒါမမှားပါဘူး။ ဆိုတော့ အခုတရားစွဲဖို့ကတော့ ဗဟိုဘဏ်ကနေပြီးမှ ဆက်လက်ဆောင်ရွက်ဖို့ဖြစ်တယ်ဆိုတာကိုပဲ သိရှိရပါတယ်။ အဲဒါကိုလည်း ဒါနိုင်ငံတော်ရဲ့ အကျိုးစီးပွားဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

**မိုင်းပန်မြို့ရှိ မြို့နယ်ဦးစီးဌာနဆိုင်ရာရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှစ်လုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က စိုင်းကျော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ မိုင်းပန်မြို့ရဲ့ မြို့နယ်ဦးစီးဌာနဆိုင်ရာရုံးအသီးသီးမှာ တာဝန်ထမ်းဆောင်နေတဲ့နိုင်ငံ့ဝန်ထမ်းများရဲ့ နေထိုင်မှုအခက်အခဲဖြစ်ပေါ်နေမှုကို ကူညီဖြေရှင်းပေးနိုင်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာနှစ်လုံးဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်ဟာ ဝေးလံပြီးလမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ မြို့တစ်မြို့လည်းပဲဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၇-၇-၁၉၇၂ ခုနှစ် ရက်စွဲပါအမိန့်အရ မြို့နယ်အဖြစ် သတ်မှတ်ဖွဲ့စည်းခွင့်ရတဲ့မြို့လည်း ဖြစ်ပါတယ်။ မြို့နယ်တစ်ခုလုံး ဧရိယာ ၉၅၀ စတုရန်းမိုင်ကျယ်ဝန်းပြီးတော့ တိုင်းရင်းသားလူမျိုးများအများစုနေထိုင်ကြပါတယ်။ မြို့နယ်ဟာ ယခင်က လက်နက်ကိုင်အဖွဲ့အစည်းများလှုပ်ရှားမှုရှိခဲ့တဲ့ဒေသဖြစ်ပြီးတော့ ငြိမ်းချမ်းရေးကို အပြည့်အဝမခံစားရတဲ့မြို့တစ်မြို့ဖြစ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျကျန်ရစ်ခဲ့ရပါတယ်။ ယခုအခါ မိမိတို့မြို့နယ်မှာ စတင်ပြီးတော့ အထိုက်အလျောက်ဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဌာနဆိုင်ရာဦးစီးဌာနရုံးများလည်း တိုးချဲ့လျက်ရှိပါသဖြင့် ဝန်ထမ်းဦးရေလည်းအများအပြား တိုးတက်လာခဲ့ပါတယ်။

ဒါကြောင့် မိမိတို့မြို့နယ်ကို မြို့နယ်ဦးစီးဌာနဆိုင်ရာအသီးသီးမှာ တာဝန်ထမ်းဆောင်ရန် ပြည်မနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ရောက်ရှိလာကြတဲ့ဝန်ထမ်းများအတွက် ယခုအခါ အများစုမှာ ဝန်ထမ်းအိမ်ရာများမရရှိတဲ့အတွက် ပြင်ပမှာ အိမ်ငှားစရိတ်ကြီးမြင့်စွာနဲ့ နေထိုင်နေကြရပါတယ်။ ယခုအခါ မိုင်းပန်မြို့အရှေ့ရပ်ကွက်မှာ ယခင်ကမိုင်းပန်မြို့အထက်တန်းကျောင်းဟောင်းမြေနေရာဟာ မြေဧရိယာသုံးဧကခန့် ကျယ်ဝန်းပြီးတော့ မြို့မြေအဖြစ် အမည်ပေါက် ကျန်ရှိလျက်ရှိပါတယ်။ ဒီကျောင်းဟောင်းမြေနေရာမှာ ကျောင်းဆောင်ဟောင်းမှလွဲပြီးတော့ အခြားမည်သည့် အဆောက်အဦမှဆောက်လုပ်ခဲ့တာမရှိပါဘူး။ ဒီမြေနေရာမှာ နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မြို့ပြနှင့်ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာများ

ဆောက်လုပ်ပေးမယ်ဆိုပါက ဝန်ထမ်းများ၏နေထိုင်မှုအခက်အခဲကို ကူညီဖြေရှင်းပေးရာရောက်မှာ ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်လုပ်ငန်းဆောင်တာများကိုလည်း ပိုမိုကြိုးစားစေတနာထား ဆောင်ရွက်ကာ ဒေသအကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များမှ အခြားမြို့နယ်များအသီးသီးမှာ နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ပေးခဲ့တာကို တွေ့ရှိရသော်လည်း မိမိတို့မြို့နယ်မပါဝင်ခဲ့ပါ။

သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနကို မေးမြန်းလိုသည်မှာ မိုင်းပန်မြို့နယ်ရှိ မြို့နယ်ဦးစီး ဌာနရုံးအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့နေထိုင်မှုအခက်အခဲဖြစ်ပေါ်နေမှု ကို ဖြေရှင်းပေးနိုင်ရန်အတွက် လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံးအား ဆောက်လုပ်ပေးပါ ရန်နှင့် မိုင်းပန်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများကိုယ်စား လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေဖြင့် ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးမှ မေးမြန်းထားတဲ့ မိုင်းပန်မြို့ရှိ မြို့နယ်ဦးစီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ ဝန်ထမ်းများ၏နေထိုင်မှုအခက်အခဲဖြစ်ပေါ်နေမှုအား ဖြေရှင်းပေးနိုင်ရန်အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာနှစ်လုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအားဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပေါင်း ၅၅ မြို့တွင် ဌာန ပေါင်းစုံဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန်အတွက် ဝန်ထမ်းအိမ်ရာများ တည်ဆောက်လျက် ရှိရာ ဝန်ထမ်းအိမ်ရာအဝန်းအဝိုင်းဖြင့် နေထိုင်နိုင်သောမြို့ပေါင်း ၁၇ မြို့ကိုသာ ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ သီးခြားအစီအစဉ်ဖြင့် ဌာနအလိုက်ဝန်ထမ်းအိမ်ရာများရှိနေသော်လည်း ဌာနအားလုံးမှ ဝန်ထမ်းများအတွက် လွှမ်းခြုံဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ဝန်ထမ်း(အငှား)အိမ်ရာများ တည်ဆောက်

ရာတွင်လည်း နှစ်အလိုက်ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောက်လုပ်လျက်ရှိပြီး ပြည်နယ်မြို့များ၊ နယ်စပ်မြို့များ၊ ခရိုင်မြို့များ၊ ဝန်ထမ်းဦးရေများသောမြို့များတွင် ဦးစားပေးဆောင်ရွက်ပြီး ရှမ်းပြည်နယ်တစ်ခုလုံးရှိ မြို့နယ်များအားလုံးကို တည်ဆောက်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်ထိ ဝန်ထမ်း(အငှား)အိမ်ရာတည်ဆောက်ပြီး မြို့များမှာ တောင်ကြီး၊ ဟိုပုန်း၊ ပင်းတယ၊ လွိုင်လင်၊ လင်းခေး၊ ဆီဆိုင်၊ ရွာငံ၊ လားရှိုး၊ နမ့်ဆန်၊ လောက်ကိုင်၊ ဟိုပန်၊ ကျောက်မဲ၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်မြို့တို့မှာ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာများတည်ဆောက်ရန်အတွက် မြေနေရာအခမဲ့ရရှိရန်နှင့် လျှပ်စစ်မီး၊ ရေရရှိရေး၊ အိမ်ရာလုံခြုံရေး၊ သွားလာရေးအဆင်ပြေသည့်နေရာဖြစ်ပြီးတော့ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်သုံးလုံးတည်ဆောက်နိုင်ဖို့အတွက် မြေတစ်ဧကခန့် လိုအပ်ပါတယ်။ နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်တွင် အိမ်ရာလိုအပ်ချက်များပြားသည့် မြို့အပေါ်မူတည်၍ ဝန်ထမ်းအိမ်ရာများကို ဦးစားပေးတည်ဆောက်ပေးလျက်ရှိပြီးတော့ ရန်ပုံငွေပိုမိုရရှိပါက အိမ်ရာမရှိသေးသောမြို့များအား ပိုမိုတိုးချဲ့ဆောက်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရန်အတွက် မြေနေရာရရှိထားခြင်းမရှိသေးပါသဖြင့် ဝန်ထမ်းအိမ်ရာ ဌာနပိုင်အမည်ပေါက်မြေနေရာရရှိရေး ပထမဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကာ မြေနေရာရရှိပြီးမှသာ ဒုတိယအဆင့်ရန်ပုံငွေတောင်းခံခြင်းဆောင်ရွက်ရမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မတူပီ-မင်းတပ်လမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ်(တောင်ပိုင်း)ဖြစ်တဲ့ မတူပီ-မင်းတပ်လမ်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခွဲဝေချပေးပါရန်ဆိုတဲ့

မေးခွန်းဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ၁၀၂ မိုင်သာရှိပြီး ချင်းပြည်နယ်(တောင်ပိုင်း)ရဲ့ တစ်ခုတည်းသော ထွက်ပေါက်လမ်းလည်းဖြစ်ပါတယ်။ အထက်ပါမေးခွန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ကတည်းကတင်ထားပြီး မေးခွန်းမေးခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ခွဲဝေမှုအမီ တင်ထားတာဖြစ်ပါတယ်။ သို့ပေမဲ့လည်း ယခုအချိန်မှာပဲ မေးခွန်းမေးခွင့်ရတဲ့အတွက်သော်လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာလည်း ရန်ပုံငွေခွဲဝေပေးမထားတာကို သိရှိတဲ့အခါမှာ အလွန်အင်မတန်မှ စိတ်မကောင်းဖြစ်ရပါတယ်။ လမ်းနဲ့ပတ်သက်ပြီး ၂၀-၉-၂၀၁၆ ခုနှစ်မှာ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ ထိုအချိန်က ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၂၀-၂၀၂၁ ခုနှစ်ထိ နှစ်အလိုက် ပြည်နယ်ဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက်ကို ခွဲဝေချထားပေးမယ်လို့ ဖြေကြားခဲ့ပါတယ်။ ပြီးမှ ၁၈ ပေကတ္တရာအကျယ်ကိုလည်း ခင်းပေးမယ်လို့ ဖြေကြားထားတာလည်းရှိပါတယ်။ အဆိုပါ ဖြေကြားချက်အတိုင်း ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေပေးမှုတွေရှိခဲ့သော်လည်းပဲ ပြည်ထောင်စုရန်ပုံငွေမှ ဘတ်ဂျက်ခွဲဝေမှုမရှိသလောက် နည်းပါးခဲ့ပါတယ်။

မတူပီ-မင်းတပ်ကြားမှာရှိတဲ့ မုန်းချောင်းတံတားနဲ့ အလည်မြူချောင်းတံတား ယခုနှစ် မတူပီလမ်းပိုင်းမှာ သန်းပေါင်း ၃၀၀ ကလွဲလို့ တခြားပြည်ထောင်စုနှင့်ဘတ်ဂျက်ခွဲဝေမှုမရှိတာကို တွေ့ရပါတယ်။ ဘာလို့ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေကို ခွဲဝေပေးဖို့ တောင်းခံရသလဲဆိုရင် ချင်းပြည်နယ်ဟာ လွတ်လပ်ရေးရပြီးကတည်းက ဖွံ့ဖြိုးမှုရန်ပုံငွေ လုံးဝခွဲဝေပေးခဲ့ခြင်း မရှိတဲ့အတွက်ကြောင့် အဆင်းရဲဆုံးပြည်နယ်၊ ဖွံ့ဖြိုးမှုအနောက်ကျဆုံးပြည်နယ်ဆိုတဲ့ ဘွဲ့တံဆိပ်ကိုရရှိခဲ့ရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှာ ရန်ပုံငွေအလုံးအရင်းနဲ့ချပေးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ပေမဲ့လည်း လိုအပ်ချက်အလွန်များပြားတဲ့အတွက်ကြောင့် မလုံမလောက်ဖြစ်နေရပါတယ်။ အဲဒါကြောင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတစ်ခုတည်းနဲ့ ဘယ်လိုမှမဖြည့်ဆည်းပေးနိုင်တဲ့အတွက်ကြောင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို တောင်းခံရခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ဘဏ္ဍာရန်ပုံငွေရဲ့ ၆၀ ရာခိုင်နှုန်းဟာ လမ်း/တံတားအတွက် အသုံးပြုခဲ့ပေမဲ့လည်း ၁၀၂ မိုင်သာရှိတဲ့ မတူပီ-မင်းတပ်လမ်း မြေသားတာချဲ့ခြင်းနဲ့ ကတ္တရာလမ်းခင်းခြင်းဟာ ဒီနေ့အထိ မြေသားတာချဲ့ခြင်းလုပ်ငန်းက ၇၀ ရာခိုင်နှုန်းသာပြီးစီးပြီး ကတ္တရာခင်းခြင်းလုပ်ငန်းက ၆၀ ရာခိုင်နှုန်းသာ ပြီးစီးတဲ့အနေအထားမှာရှိပါတယ်။

မူကြမ်း

အဲဒါကြောင့် မတူပီမြို့၊ လိုင်လင်းပီမြို့၊ **အရှိဋ္ဌာမြို့**မှာနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေဟာ မိုးတွင်းကာလရောက်တိုင်း လမ်းမကောင်းတဲ့အတွက်ကြောင့် ရိက္ခာပြတ်လပ်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ လူမှုဘဝဒုက္ခအဖြာဖြာ တွေ့ကြုံနေရပါတယ်။ ချင်းပြည်နယ်အတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ချပေးခဲ့တဲ့အတွက်လည်း ဝမ်းသာအားရဖြစ်ခဲ့ပါသော်လည်းပဲ ၁၀၂ မိုင်သာရှိတဲ့ ဒီလမ်းကို ယနေ့ထက်ထိ မြေသားတာချဲ့လုပ်ငန်း မပြီးစီးနိုင်သေးတာ ကတ္တရာလမ်းပြီးစီးအောင်မခင်းပေးနိုင်တာ ဝမ်းနည်းဖွယ်ရာတွေ့ရှိရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တိုင်းရင်းသားပြည်သူများရဲ့ ဒုက္ခခံစားနေရမှုအခြေအနေများကို ပြည်ထောင်စုအစိုးရအနေနဲ့သော်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း စာနာထောက်ထားပေးဖို့လိုအပ်ပါတယ်။ ချင်းပြည်နယ်နဲ့အနီးစပ်ဆုံး မကွေးတိုင်းဒေသကြီးမှာ ကတ္တရာလမ်းအကုန်လုံးပြီးစီးပြီးမှ ကတ္တရာလမ်း တာချဲ့ခြင်းလုပ်ငန်းတောင် ဆောင်ရွက်နေတဲ့အနေအထားမှာ ၁၀၂ မိုင်သာရှိတဲ့ မြေသားတာချဲ့ခြင်းလုပ်ငန်းနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း မပြီးစီးနိုင်သေးတာဟာလည်း အင်မတန်မှ ဝမ်းနည်းဖွယ်ရာကောင်းပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တို့မှာ ပြည်ထောင်စုရန်ပုံငွေ ခွဲဝေပေးရန်အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းမှ မေးမြန်းထားတဲ့ ချင်းပြည်နယ်အတွင်းရှိ မတူပီ-မင်းတပ်လမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းရှိ မင်းတပ်-မတူပီကားလမ်းအရှည် ၁၀၂ မိုင်မှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီးမှ မတူပီမြို့နယ်၏ အသက်သွေးကြောလမ်းမကြီးဖြစ်သည့်

မတူပီ-မင်းတပ်ကားလမ်းကို အမြန်ဆုံးပြီးစီးရေး တာချဲ့ပေးရန်နှင့် ကတ္တရာလမ်း အမြန်ဆုံးပြန်လည်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးခဲ့ပါတယ်။ အဆိုပါမေးခွန်းအပေါ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များအတွင်းမှာ စီမံချက်များရေးဆွဲပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

အဆိုပါလမ်းကို ၃၄ ပေ လမ်းတာချဲ့ခြင်းနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့အတွက် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေတွေမှာ နှစ်စဉ်တင်ပြဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်အထိ စုစုပေါင်း ပြည်ထောင်စုမှာ ၁၂၂၇.၂ သန်းနဲ့ ပြည်နယ်ရန်ပုံငွေ ၁၈၀၅၈.၇၄၈ သန်း စုစုပေါင်း ၁၉၂၈၅.၉၄၈ သန်းကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါရန်ပုံငွေနဲ့ ၅၃ မိုင်ကို အကျယ် ၃၄ ပေလမ်းတာချဲ့ခြင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၃၅ မိုင် ၄ ဖာလုံကိုတော့ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ၂ မိုင် ၆ ဖာလုံကို လမ်းကွေ့ဖြောင့်ပြီးတော့ ကျောက်လမ်းခင်းခြင်း၊ သံကူကွန်ကရစ်ရေထုတ်ပြွန် ၇၂ စင်း၊ သံကူကွန်ကရစ်ကြမ်းခင်းလဲလှယ်ခြင်း ၂၅ စင်း၊ ကျောက်စီရေမြောင်း အရှည် ၁၄၆၉၁ ပေ၊ ရေပြွန်ထပ်ဆက်ကွေ့ ၁၇ စင်း အစရှိတဲ့လုပ်ငန်းများ မြေကာ/မြေထိန်းနံရံ ၅၇ ခု၊ မြေကာ/မြေထိန်းနံရံ သံကူကွန်ကရစ်တံတားနှစ်စင်းစသဖြင့် အဆိုပါလုပ်ငန်းများကို ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာတော့ ၆၄ မိုင် ၆ ဖာလုံကို အကျယ် ၃၄ ပေလမ်းတာချဲ့ခြင်း ဆောင်ရွက်ပြီးစီးနိုင်ခဲ့ပါတယ်။ မင်းတပ်-မတူပီလမ်းကို လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်မှာ ရန်ပုံငွေကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ရန်ပုံငွေ ၂၀၈၀ သန်းကိုလည်းကောင်း တင်ပြခဲ့သော်လည်းပဲ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှာ ရန်ပုံငွေခွဲဝေရရှိခြင်းမရှိခဲ့ပါသဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အဆိုပါကာလများမှာ ဆောင်ရွက်ပေးနိုင်မှုမရှိခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းသားပဲ့ကျခြင်းနဲ့ တောင်ပြိုခြင်းများကြောင့် လမ်းသားပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာလို့ အဆိုပါလမ်းမကြီးကို အခုချိန်မှာ အလေးထားပြီးတော့ ပြင်/ထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်/ထိန်းရန်ပုံငွေ ၂၉၈.၉၀၄ သန်းနှင့် ပြည်နယ်

ရန်ပုံငွေကျပ် ၅၁၀၁ သန်းတို့ဖြင့် မော်တော်ယာဉ်ကြီး/ငယ်တွေ ရာသီမရွေးသွားလာနိုင်ဖို့အတွက် ၂၉ မိုင် ၆ ဖာလုံရှိတဲ့လမ်းကို ကတ္တရာထပ်ပိုးလွှာခင်းပေးခဲ့ပါတယ်။ ၃၄ ပေအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ၊ လမ်းဖြောင့်ကွေ့ပြီးတော့ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ၊ လမ်းသားနိမ့်ကျနေတဲ့နေရာများကို အမာခံလမ်းခင်းပေးခြင်းလုပ်ငန်းများ၊ Gabion Wall တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေထုတ်ပြွန် ၁၂ စင်း၊ သံကူကွန်ကရစ်တံတားလေးစင်း၊ Gabion Box Walling ၄၆၈ ခု အစရှိတဲ့လုပ်ငန်းတွေကို ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၀၀၀ သန်းနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၂၈၉၇ သန်း လျာထားတင်ပြတောင်းခံပြီးတော့ ခွင့်ပြုချက်ရရှိလို့ရှိရင်တော့ ၂ မိုင် ၂ ဖာလုံအကျယ် ၃၄ ပေ လမ်းတာချဲ့မယ်။ ၂ မိုင်အရှည် ၃၄ ပေ ကွန်ကရစ်လမ်းခင်းမယ်။ ၁၂ မိုင် ၁ ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းတာချဲ့ပြီးအပိုင်း ၁ မိုင် ၄ ဖာလုံကို အမာခံကျောက်လမ်းခင်းခြင်း စသည့်လုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါလျာထားလုပ်ငန်းတွေ ဆောင်ရွက်ပြီးသွားတယ်ဆိုလို့ရှိရင်တော့ ဒီလမ်းတစ်လမ်းလုံးမှာ ကတ္တရာကွန်ကရစ်လမ်း ၃ မိုင် စုစုပေါင်း ၁၀၂ မိုင်ရှိပါတယ်။ AC လမ်း ၃ မိုင်ပြီးပါမယ်။ ကတ္တရာလမ်း ၂ မိုင်နဲ့ ကွန်ကရစ်လမ်း ၂ ဖာလုံနဲ့ ကတ္တရာလမ်း ၉၈ မိုင် ၆ ဖာလုံ ဆောင်ရွက်ပြီးစီးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်-မတူပီလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် ကျန်ရှိသောလမ်းပိုင်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဗလမင်းထင်တံတားပေါ် ပြည်သူများဖြတ်သန်းသွားလာချိန်ကို ၂၄ နာရီပိတ်ချိန်မရှိခွင့်ပြုပေးရန်နှင့် မလိုအပ်သောစစ်ဆေးရေးဂိတ်ကို ဖြုတ်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်။ ယနေ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ဝိုင်းမော်မြို့နယ်နဲ့ မြစ်ကြီးနားမြို့နယ်ကို ဆက်သွယ်ထားပေးတဲ့ ဗလမင်းထင်တံတား(ဧရာဝတီမြစ်ကူးတံတား)ကို ပြည်သူများဖြတ်သန်းသွားလာချိန် ၂၄ နာရီ ပိတ်ချိန်မရှိခွင့်ပြုပေးရန်နှင့် မလိုလားအပ်တဲ့စစ်ဆေးရေးဂိတ်တွေကို ဖြုတ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အပေါ်ကမြင်ရတဲ့ပုံကတော့ ဝိုင်းမော်မြို့နယ်မှာ တည်ဆောက်ထားတဲ့ မြစ်ကြီးနားမြို့မှကြိုဆိုပါ၏ဆိုတဲ့ဆိုင်းဘုတ် ဖြစ်ပါတယ်။ ဝိုင်းမော်မြို့နယ်ထဲ ရှိတာဖြစ်ပါတယ်။ အောက်ကပုံကတော့ ပုံပါအရှေ့မှာ တည်ဆောက်ထားတဲ့ တံတားဖြတ်သန်းခကောက်မယ့်ဂိတ်လိုလို၊ တိုးလ်ဂိတ်လိုလိုတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ ကန့်ကွက်တဲ့ကြားထဲက တည်ဆောက်နေတာ ဖြစ်ပါတယ်။ အခုမြင်ရတဲ့ Slide ပုံကတော့ ဗလမင်းထင် တံတားပဲဖြစ်ပါတယ်။ ဒီဗလမင်းထင်တံတားရဲ့ ဖြတ်သန်းသွားလာချိန်ဟာ မနက် ၅ နာရီကနေ ည ၉ နာရီဖြစ်ပါတယ်။ ဝိုင်းမော်မြို့က ပြည်သူတွေ ခရီးသွားပြည်သူအားလုံးက ဒီဂိတ်ဖွင့်ချိန်ကိုစောင့်ပြီးမှ ဂိတ်ဖွင့်မှသာလျှင် တစ်ပြိုင်တည်း မိမိယဉ်တွေကို ဖြတ်သန်းသွားလာကြရတာဖြစ်ပါတယ်။ ဒီအပေါ်က နှစ်ပုံကတော့ ည ၉ နာရီတံတားပိတ်တဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုတံတားပိတ်ခြင်းအားဖြင့် ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်ကပြည်သူတွေက မြစ်ကြီးနားမြို့မှာပဲ လူမှုရေး၊ ဘာသာရေး၊ ပွဲလမ်းသဘင်များ၊ သာသနာရေး၊ နာရေးကိစ္စတွေ အားလုံးမြစ်ကြီးနားမြို့ပေါ်ကို သွားကြရတာဖြစ်ပါတယ်။ အဲဒီအခါကျတော့ မြစ်ကြီးနားမြို့ပေါ်မှာသွားနေတဲ့အခါမှာ ည ၉ နာရီဆိုတဲ့အချိန်လေးက ခဏလေးပဲဖြစ်ပါတယ်။ ဒီည ၉ နာရီထိုးလာမှာကို ကျွန်တော်တို့ပြည်သူတွေ စိတ်ထဲမှာကို ကလိုင်တီးနေသလို ခံစားရပါတယ်။ အဲဒီအခါကျတော့ ည ၉ နာရီမထိုးခင်မှာ တံခါးပိတ်မှာစိုးလို့ အလျင်အမြန်ပြန်ကြရတာ ဖြစ်ပါတယ်။ ဒီအောက်ကပုံကတော့ ဝိုင်းမော်မြို့ကပြည်သူတွေ မြစ်ကြီးနားကို ဈေးရောင်းသွားဖို့

အတွက် မနက် ၄ နာရီကျော်လောက်မှာ ဈေးရှေ့မှာ ပြင်ဆင်နေကြ၊ စောင့်ဆိုင်းနေကြရတဲ့ပုံ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ ကျွန်တော်တို့မြစ်ကြီးနားကားဂိတ်ကနေ မန္တလေး-ရန်ကုန်-နေပြည်တော် စတဲ့ အခြားပြည်နယ်မြို့ကြီးတွေမှာ ၂၄ နာရီသွားလို့ရပါတယ်။ ကျွန်တော်တို့ဝိုင်းမော် ကတော့ မြစ်ကြီးနားနဲ့နီးလျက်နဲ့သွားလို့မရဘဲနဲ့ ဒီလိုကြီး အတားအဆီးတစ်ခုလို ဖြစ်နေပါတယ်။ ကမ္ဘာကြီးက ရွာကြီးတစ်ရွာလိုဖြစ်နေတယ်ဆိုတဲ့စကားက ကျွန်တော်တို့ဝိုင်းမော်အတွက်တော့ စဉ်းစားစရာဖြစ်နေပါတယ်။ အခုမြင်ရတဲ့ပုံကတော့ မလိုလားအပ်တဲ့ဂိတ်လို့ပြောတဲ့နေရာ ဖြစ်ပါတယ်။ ဘယ်ဘက်ကပုံရဲ့ညာဘက်မှာ လမ်းကွေ့လေးရှိပါတယ်။ ဒီလမ်းကွေ့လေးက မြစ်ဆုံနောင်ချိန်း ကျေးရွာ၊ ဝွေထု ကျေးရွာ၊ လဘန်၊ မလိယန်စတဲ့ ကျေးရွာမြောက်မြားစွာကို ဆက်သွယ်ပေးထား တဲ့လမ်းဖြစ်ပါတယ်။ ဒီပုံဖြစ်ပါတယ်။ ညာဘက်ကဆိုင်ကယ်တက်လာတဲ့ပုံက ညာဘက်ကို ကွေ့လိုက်မယ်ဆိုရင် မြစ်ကြီးနား (ဗလမင်းထင်)ကိုသွားမှာ ဖြစ်တယ်။ ဘယ်ဘက်ကိုကွေ့ရင်တော့ ဝိုင်းမော်ဘက်ကိုသွားတာ ဖြစ်ပါတယ်။ ဘယ်ဘက်ကပုံကတော့ မြစ်ကြီးနားဘက်ကလာတဲ့လိုင်းကားတွေ၊ ယာဉ်တွေကို သက်ဆိုင်ရာ စစ်ဆေးရေးဂိတ်မှာ စစ်ဆေးခံနေရတဲ့ပုံဖြစ်ပါတယ်။ ရှေ့ကဆိုင်ကယ်ကတော့ ကုန်းဆင်းဘက်ကို ကွေ့လာတဲ့ပုံ ဖြစ်ပါတယ်။

ဒီနေရာမှာ လမ်းကလည်းကျဉ်းတယ်။ ကုန်းတက်ကုန်းဆင်းလည်းဖြစ်တယ်။ စစ်ဆေးရေးဂိတ် ကလည်းလာရှိတဲ့အခါကျတော့ ခရီးသွားပြည်သူတွေအတွက် တော်တော်လေး ဒုက္ခရောက်ရတာ ဖြစ်တယ်။ ယာဉ်မောင်းတွေလည်း ခရီးသွားပြည်သူတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်သလို ယာဉ်တွေအတွက်လည်းပဲ အန္တရာယ်များတာဖြစ်ပါတယ်။ အမှန်တော့ ဒီနေရာမှာမလိုအပ်ပါဘူး။ ခုနက ကျွန်တော်ပြခဲ့တဲ့ဂိတ်ရဲ့အောက် ကိုက် ၁၀၀ အလိုမှာ ပူးပေါင်းဂိတ်ရှိပြီးဖြစ်တယ်။ သူ့ရဲ့ အထက်မှာလည်းပဲ ည ၉ နာရီပိတ်တဲ့ တံတားလုံခြုံရေးဂိတ်လည်းရှိပြီးသားဖြစ်တယ်။ ဒီဂိတ်နှစ်ဂိတ် ကြားမှာမှ အဆိုပါ ဒီဂိတ်ရှိတဲ့အခါကျတော့ ပြည်သူတွေအတွက် သွားလာရတာ အင်မတန်မှခက်ခဲရ တာဖြစ်တဲ့အတွက် ဒီဂိတ်လေးကိုဖြုတ်သိမ်းပေးဖို့ တောင်းဆိုတာဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူတွေကလည်းပဲ ကျွန်တော်တို့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲလုပ်တိုင်း ဒီဂိတ်လေးတွေကို ဖြုတ်သိမ်းပေးဖို့နဲ့ ဗလမင်းထင်ရဲ့ဖြတ်သန်းချိန်ကို ပြည်သူတွေအတွက် ၂၄ နာရီ ဖြတ်သန်းခွင့်ပြုဖို့ တင်ပြပေးပါအုံးလို့ အမြဲတမ်းတင်ပြတောင်းဆိုလျက်ရှိတာဖြစ်တဲ့အတွက်ကြောင့်

မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးမှမေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့ကို ဆက်သွယ်ထားသော ဗလမင်းထင်(ခေါ်)ဧရာဝတီမြစ်ကူးတံတားပေါ်မှာ ပြည်သူများဖြတ်သန်း သွားလာချိန်ကို ၂၄ နာရီပိတ်ချိန်မရှိခွင့်ပြုပေးရန်နှင့် မလိုအပ်သောစစ်ဆေးရေးဂိတ်ကို ဖြုတ်သိမ်း ပေးရန်အစီအစဉ်ရှိ/မရှိကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့ လာတဲ့အချက်အလက်များနှင့်ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၃၄၃၇၉.၂၂ ခန့် ကျယ်ဝန်းပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၅၀၄.၆၄ မိုင်ခန့်ကွာဝေးပြီး အိန္ဒိယနိုင်ငံနှင့် ၁၆၄ မိုင်ခန့်ကွာဝေးကာ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်ချုပ်ဆို၍ တရားဝင်နယ်စပ်ဖြတ်ကျော်ဝင်/ထွက်ခွင့်ပြုထားသည့် မြစ်ကြီးနားခရိုင်၊ ကန်ပိုက်တီနယ်စပ်ဝင်/ထွက်စခန်းနှင့် ပန်ဝါနယ်စပ်ဝင်/ထွက်စခန်း၊ ဗန်းမော်ခရိုင်၊ လွယ်ဂျယ်နယ်စပ် ဝင်/ထွက်စခန်းတို့ရှိပါတယ်။

ကချင်ပြည်နယ်သို့ ကားလမ်းနှင့်လေကြောင်းလမ်းတို့မှ တရားဝင် ဝင်ရောက်သွားလာသည့် ကမ္ဘာလှည့်ခရီးသည်များ၊ သံတမန်များနှင့် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းမှ ဝင်ရောက်လာကြ တဲ့ နိုင်ငံခြားသားဧည့်သည်များအတွက် ခရီးသွားလာမှုနှင့်ပတ်သက်၍ နယ်မြေဒေသကန့်သတ်ချက် များကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏လုံခြုံရေး၊ နိုင်ငံခြားသားဧည့်သည်များ၏လုံခြုံရေးတို့အတွက် ခရီးသွားလာခွင့်ပြုသောနယ်မြေများ၊ မြို့ပေါ်ခွင့်ပြု၊ မြို့ပြင်ခွင့်ပြုချက်တောင်းခံရန်နယ်မြေများ၊ ခွင့်ပြု ချက်တောင်းခံရမည့်နယ်မြေများအား ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၇-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ပထရ/ခ-၁(၀၆၅၁)/ဦး၁ ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။

မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့ကို ဆက်သွယ်ထားသော ဗလမင်းထင်(ဧရာဝတီတံတား)၌ ဖြတ်သန်းသွားလာချိန်ကန့်သတ်ထားခြင်းနှင့် စစ်ဆေးရေးဂိတ်ထားရှိရခြင်းမှာ ကချင်ပြည်နယ်သို့ လာရောက်သော နိုင်ငံခြားသားများ ကန့်သတ်နယ်မြေများသို့ ကျော်လွန်သွားရောက်ခြင်း မရှိစေရေးစိစစ်ကြပ်မတ်ရန်၊ တရားမဝင်ကုန်ပစ္စည်းများ သွင်း/ထုတ်သယ်ဆောင်ခြင်း မရှိစေရေးစိစစ်ကြပ်မတ်ရန်၊ တရားဝင်သွင်းကုန်/ထုတ်ကုန်ပစ္စည်းများအား ခွင့်ပြုချက်နှင့်ညီညွတ်မှုရှိ/မရှိ စိစစ်ကြပ်မတ်ရန်၊ မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲစေတတ်သော ဓာတုဗေဒဆိုင်ရာကုန်ပစ္စည်းများ သွင်း/ထုတ်သယ်ဆောင်ခြင်းမရှိစေရေး စိစစ်ကြပ်မတ်ရန်၊ အမျိုးသမီးငယ်များနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုဖြစ်စဉ်အန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေး စစ်ဆေးကြပ်မတ်နိုင်ရန်၊ ဗလမင်းထင်တံတားသည် မြန်မာ-တရုတ်-အိန္ဒိယကုန်စည်စီးဆင်းမှုလမ်းကြောင်းပေါ်ရှိတဲ့အတွက် တံတားလုံခြုံရေးတို့ကို စိစစ်ကြပ်မတ်နိုင်ရန်တို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှပေးပို့အကြောင်းကြားလာသည့် လူပျောက်အမှုပေါင်း ၅၈ မှုအား ၂၀၁၉ ခုနှစ်အတွင်းမှာ ဗလမင်းထင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာများနှင့်ပူးပေါင်းစုံစမ်းပြီးတော့မှ ဖော်ထုတ်နိုင်ခဲ့တဲ့အပြင်လတ်တလောအနေနဲ့လည်း မသင်္ကာဖွယ်ရာခရီးသည်များအား စစ်ဆေးဆောင်ရွက်၍ ပေါ်ပေါက်ချက်အရ ၂၀-၂-၂၀၁၉ ရက်နေ့ ၁၁း၁၅ အချိန်မှာ ဝိုင်းမော်မြို့မ ရဲစခန်း (ပ)၃၀/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် လူကုန်ကူးသူတရားခံအမျိုးသမီးသုံးဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီးတော့ လူကုန်ကူးခံရသူအမျိုးသမီးနှစ်ဦးအား တားဆီးကယ်တင်နိုင်ခဲ့ပါတယ်။ ဗလမင်းထင်တံတားသည် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်လမ်းပေါ်တွင်တည်ရှိပြီး ဧရာဝတီမြစ်အားဖြတ်သန်းသွားလာရန်တစ်ခုတည်းသောတံတားတစ်စင်းဖြစ်ပါသဖြင့် တံတား၏လုံခြုံရေးအတွက်တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိရာမှာ မြစ်ကြီးနားမြို့နှင့် တံတား၏လုံခြုံရေးအတွက် နေ့စဉ်ည ၉ နာရီမှ နံနက် ၅ နာရီအထိ ဖြတ်သန်းသွားလာခွင့်အားကန့်သတ်ထားသော်လည်း ည ၉ နာရီနောက်ပိုင်းတွင် ခရီးသွားပြည်သူလူထု၏ကျန်းမာရေး၊ လူမှုရေးနှင့်ပတ်သက်ပြီးတော့ အရေးပေါ်အခြေအနေအရ ခွင့်ပြုပေးရန်လိုအပ်ပါက စစ်ဆေးပြီးခွင့်ပြုပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တလောနယ်မြေအခြေအနေအရ အဖျက်အမှောင့်ဆောင်ရွက်လိုသူများမှ တံတားအား မိုင်းထောင်ဖောက်ခွဲခြင်း၊ တံတားမှဖြတ်သန်း၍ မြို့တွင်း၌ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်မှုမရှိစေရေးအတွက် လိုအပ်သောစစ်ဆေးကြပ်မတ်မှုများဆောင်ရွက်နိုင်ရန် လုံခြုံရေး/စစ်ဆေးရေးဂိတ်များအား မဖြစ်မနေထားရှိရမည်ဖြစ်ပါသဖြင့် ဗလမင်းထင်တံတားအား ၂၄ နာရီဖြတ်သန်းခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း လုံခြုံရေးစစ်ဆေးရေးဂိတ်များအား ဖြုတ်သိမ်းရန်လတ်တလောအစီအစဉ်မရှိပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များအား ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးမြန်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ခုနက ဒုတိယဝန်ကြီးရှင်းလင်းသွားတဲ့နေရာမှာ အပြည့်အစုံနဲ့ရှင်းလင်းသွားတာ အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆိုလိုချင်တာက ည ၂၄ နာရီဖွင့်ပေးဖို့ဆိုလိုချင်တာဖြစ်ပါတယ်။ သို့သော် ဝန်ကြီးက လုံခြုံရေးအရ စစ်ဆေးရတယ်ပြောတဲ့အခါကျတော့ ဒီစစ်ဆေးရေးကိုလည်း ကျွန်တော် လက်ခံပါတယ်။ စစ်ဆေးပြီးသော်လည်းပဲ ဝန်ကြီးကရှင်းတယ်။ အခါအားလျော်စွာ အရေးကြီးရင်ကြီးသလိုဖြတ်ခိုင်းတယ်ဆိုတာ ပါပါတယ်။ သို့သော် ဖြတ်လို့မရဘဲ ပြန်လှည့်သွားရတဲ့ပြည်သူတွေ မြောက်မြားစွာရှိပါတယ်။ မန္တလေး-ရန်ကုန်ကဆိုက်ရောက်လာတယ်။ မြစ်ကြီးနားမှာရောက်တယ်။ မြစ်ကြီးနားကနေ ညသန်းခေါင်ဝိုင်းမော်ကူးမယ်။ မြစ်ကြီးနားနဲ့ဝိုင်းမော်က နီးနီးလေးမဝေးဘူး သို့သော်ကူးလို့မရဘူး။ ကူးလို့မရတဲ့အခါကျတော့ နီးလျက်နဲ့ကို မြစ်ကြီးနားမှာအိပ်ရတယ်။ ညတွင်းချင်း ကိုယ့်အိမ်ကိုယ့်ရာကိုရောက်အောင်သွားရောက်ခြင်းမရှိတော့ဘူး ဖြစ်သွားပါတယ်။ အဲဒီအခါကျတော့ ဒီလိုလေးတွေစစ်ဆေးရေးဂိတ်ဖြုတ်သိမ်းဖို့၊ မဖြုတ်သိမ်းဖို့ထက် စစ်ဆေးပါ။ စစ်ဆေးပြီးတော့လည်းပဲ ဝန်ကြီးဖြေတဲ့အတိုင်း ခွင့်ပြုပေးပါ။ အဲဒီလိုမှမဟုတ်လည်းပဲ ည ၁၁ နာရီအထိလည်းကောင်း၊ မနက် ၄ နာရီအထိလည်းကောင်း အချိန်လေးကိုပြန်လျှော့ပြီးမှ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ၊ ပြီးရင် ခုနစစ်ဆေးရေးဂိတ်ကိုဖြုတ်သိမ်းပေးနိုင်ခြင်းမရှိဘူးလို့ဆိုတာရှိတယ်။ ကျွန်တော်ခုနက Power Point မှာပြတဲ့ဂိတ်ကလမ်းဆုံလည်းဖြစ်တယ်။ ကုန်းဆင်းကုန်းတက်လည်းဖြစ်တယ်။ ယာဉ်တွေသွားလာရတာခက်ခဲတဲ့နေရာကဂိတ်ကိုဆိုလိုချင်တာပါ။ ပူးပေါင်းဂိတ်နဲ့ အပေါ်က တံတားလုံခြုံရေးဂိတ်ကိုဆိုလိုချင်တာ

မဟုတ်ပါဘူး။ ဒီသွားရလာရခက်တဲ့ ပြည်သူတွေကို သက်သက်မဲ့ဒုက္ခပေးသလိုဖြစ်နေတဲ့ဒီဂိတ်ကို ဖြုတ်သိမ်းပေးဖို့ မေးမြန်းတာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဟာလေးနဲ့ အချိန်တိုးပေးဖို့အတွက်ကို ဆက်လက်ပြီးဖြေကြားနိုင်ရင် ဖြေကြားပေးရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်လက် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီဂိတ်တွေက အမှန်တကယ်တော့ ကျွန်တော်တို့ဝန်ကြီးဌာနက တာဝန်ယူရခြင်း မဟုတ်ပါဘူးခင်ဗျား။ ကချင်ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူထားတဲ့ဂိတ်များ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးပြောတဲ့ မေးလာတဲ့ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကချင်ပြည်နယ် အစိုးရအဖွဲ့ကို ကျွန်တော့်အနေနဲ့ ဆက်လက်ပေးပို့သွားမှာဖြစ်ပြီး သူ့ဆီကပြန်ကြားချက်ကို ကျွန်တော် ပေးပို့သွားမှာပါခင်ဗျား။

**မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အန္တရာယ်ရှိတံတားဖြစ်သော ဆွမ်ဗီယန်တံတားနှင့် ဖုန်အင်တံတားတို့အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတား အသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ကြပါစေလို့ ပထမဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင် ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင် မြို့နယ် ငါးမြို့နယ်ရှိ ဒေသခံပြည်သူများရဲ့ အဓိကအားထားရသော မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နှစ်ရှည်ကြာပြီး အန္တရာယ်ရှိတံတားများဖြစ်ကြသော တံတား အမှတ်(၇/၁၇၀)ဆွမ်ဗီယန်တံတားနှင့် တံတားအမှတ်(၆/၁၄၈)ဖုန်အင်တံတားအား ၂၀၁၈-၂၀၁၉

ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားခရိုင်-ပူတာအိုခရိုင်ချင်း ဆက်သွယ်ထားသော မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးသည် မိုင်ပေါင်း ၂၁၈ မိုင် ရှည်လျားပြီး ပူတာအိုခရိုင် ငါးမြို့နယ်ရှိ ဒေသခံမိဘပြည်သူများရဲ့ အဓိကအားထားရသော ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါတယ်။ ယခင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးသည် ရာသီမရွေးသွားလာနိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သောလမ်းမကြီးအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးသည် ရာသီမရွေး ကားကြီးကားငယ်သွားလာနိုင်ခဲ့ပြီဖြစ်သောကြောင့် ကုန်ကားကြီး၊ ခရီးသည်တင်ကား၊ အိမ်စီးကားများ တစ်လလျှင် ကားအစီးရေ ၃၅၀ မှ ၄၀၀ ကျော် အဝင်/အထွက်ရှိနေသောကြောင့် ပူတာအိုခရိုင်အတွင်းရှိ ဒေသခံမိဘပြည်သူများ၏ စားဝတ်နေရေး၊ လူနေမှု၊ ကျန်းမာရေး၊ ပညာရေးကအစ ဖွံ့ဖြိုးတိုးတက်တာကို တွေ့ရပါတယ်။ သို့သော် ဒေသခံမိဘပြည်သူများနှင့် ခရီးသွားဧည့်သည်များမှတင်ပြချက်မှာ တံတားအမှတ် (၇/၁၇၀) ဆွမ်ဗီယန်တံတားနှင့် တံတားအမှတ်(၄/၁၄၈) ဖုန်အင်တံတားတို့သည် တံတားရှေ့ပြေးဟောင်းနေသဖြင့် အန္တရာယ်ရှိသော တံတားများဖြစ်နေသောကြောင့် အမြန်ဆုံးအသစ်တည်ဆောက်ပေးရန် တင်ပြလာပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဒါကတော့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်မှာရှိတဲ့ ဆွမ်ဗီယန်တံတား ဖြစ်ပါတယ်။ ဒါကတော့ ဆွမ်ဗီယန်တံတားဟောင်းရဲ့ ဆိုင်ရာအချက်အလက်တွေ ဖြစ်ပါတယ်။ ဆွမ်ဗီယန်တံတားက တံတားအရှည် ၁၇၀ ပေရှိပြီးတော့မှ တံတားအကျယ် ၁၂ ပေ၊ ၆ လက်မရှိပြီး ခွင့်ပြုတဲ့အလေးချိန်က ၁၃ တန်ဖြစ်ပါတယ်။ ဒါကတော့ လမ်း/တံတားအထူးအဖွဲ့(၁) က တားမြစ်ထားတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ အဲဒီနေရာမှာ တံတားရဲ့ကြမ်းခင်းတွေပျက်စီးနေသောကြောင့် တံတားအထူးအဖွဲ့(၁)မှ ခံနိုင်ဝန် ရှစ်တန်ထက်ပိုပြီးဖြတ်သန်း၍ တံတားပျက်စီးသွားပါက တံတား၏တန်ဖိုး သုံးဆပေးလျော်ရမည် ဆိုပြီးတော့မှတားမြစ်ထားတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။

ဒါကလည်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်မှာရှိတဲ့ တံတားအမှတ်(၆/၁၄၈) ဖုန်အင်တံတားပုံ ဖြစ်ပါတယ်။ ဒါကလည်း ဖုန်အင်တံတားရဲ့ အချက်အလက်ပုံတွေဖြစ်ပါတယ်။ အဲဒီ ဖုန်အင်တံတားရဲ့အရှည်က ၂၃၅ ပေရှိပြီးတော့မှ တံတားအကျယ်က ၁၅ ပေ ရှိတယ်။ ခွင့်ပြုသည့် အလေးချိန်ကလည်း ၁၃ တန်ဖြစ်ပါတယ်။ ဒါကလည်း လမ်း/တံတားအထူးအဖွဲ့(၁) က တားမြစ်ထားတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ အဲဒီမှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်မှာ အခုသွားလာနေတဲ့ကုန်ကားကြီးတွေက ၁၀ တန်အထက် ကုန်ကားကြီးတွေသွားလာနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တံတားတွေက အန္တရာယ်များစွာရှိနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အန္တရာယ်ရှိတံတားအရှည်ဖြစ်သော တံတားအမှတ်(၇/၁၇၀)ဆွမ်ဗီယန်တံတားနှင့် တံတားအမှတ်(၆/၁၄၈)ဖုန်အင်တံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် ဒေသခံမိဘပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ မေးမြန်းထားတဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းပေါ်ရှိ အန္တရာယ်ရှိတံတားဖြစ်သော မိုင်တိုင်(၁၆၉/၅-၆) တံတားအမှတ်(၇/၁၇၀) ဆွမ်ဗီယန်တံတားနှင့် မိုင်တိုင်(၁၄၇/၆)၊ (၁၄၈) ဖုန်အင်တံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၆၉)တွင် တံတားအမှတ်(၇) ဆွမ်ဗီယန်တံတားနှင့် မိုင်တိုင်အမှတ်(၁၄၇)တွင် တံတားအမှတ်(၆)ဖုန်အင်တံတားတို့သည် ပြည်ထောင်စုအစိုးရ အဖွဲ့မှစီမံ

ခန့်ခဲ့သောတံတားများ ဖြစ်ပါတယ်။ ဆွမ်ဗီယန်တံတားအရှည်မှာ ၁၇၀ ပေရှိပြီး D/S Bailey အမျိုးအစားဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၆ နှစ်ခန့် ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ လောလောဆယ်တော့ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၁၃ တန်ဖြစ်ပြီးတော့ တစ်နေ့တာ ယာဉ်သွားလာမှုက AADT ၇၅ ရှိပါတယ်။

အဆိုပါဆွမ်ဗီယန်တံတားကို အရှည် ၂၂၀ ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ လျာထားတင်ပြ တောင်းခံထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဖုန်အင်တံတားအမျိုးအစားကတော့ ၂၃၅ ပေရှိပြီးတော့ လောလောဆယ် S/S Bailey အမျိုးအစား ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာ ဖြစ်တဲ့အတွက် ၁၂ နှစ်ခန့်ကြာပြီဖြစ်ပါတယ်။ အဆိုပါဖုန်အင်တံတားကို အရှည် ၂၆၄ ပေရှိ နှစ်လမ်းသွားသံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ လျာထားတင်ပြတောင်းခံပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် တည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါက်တာစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်က ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရ အား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ကာ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်၏ ပထမ သုံးလပတ်အတွင်း အပြီးအပြတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြောင်းမြ မဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာစိုးမိုးသူအား အဆို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူဖြစ်ပြီး ကျွန်တော့်အနေနဲ့ ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်ကာ တည်ဆောက်ရေးတင်ဒါ ခေါ်ယူခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်အတွင်း အပြီးအပြတ်ဆောင်ရွက် ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်ကို ၂၀၁၈-၂၀၁၉ ခုနှစ်မှစတင်ကာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြောင်းလဲသတ်မှတ်မှုအား နိုင်ငံတော်သမ္မတရုံး၏ ၂၉-၉-၂၀၁၇ ရက်စွဲပါစာအမှတ် ၃(၁)/၁/သမ္မတရုံးဖြင့် နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝန်လွှာပေးပို့ ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးမှဆွေးနွေးကာ ၃၁-၁၀-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်မှာမှတ်တမ်းတင်ကြောင်း ကြေညာခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်လိုခြင်း၏ အဓိကအကြောင်းအရင်းမှာ အခြေခံအဆောက်အဦများ အရှိန်အဟုန် ဖြင့် တည်ဆောက်ရန်လိုအပ်နေသောကြောင့်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် တစ်ဆက်တည်းဖြစ်သော ပွင့်လင်းရာသီအများဆုံးရရှိစေရန်နှင့် သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှုပိုမိုညီညွတ်မျှတလာစေရန် အတွက်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းများအား ပွင့်လင်းရာသီအတွင်း အင်ပြည့်အားပြည့်ဆောင်ရွက် နိုင်ခြင်း၊ အရည်အသွေးပြည့်ဝသောအခြေခံအဆောက်အဦများ ပေါ်ပေါက်လာစေခြင်း၊ ပိုလျှံငွေများစွာ ပြန်လည်အပ်နှံမှုလျော့ကျစေခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ခါနီးတွင် ဘဏ္ဍာငွေများ စုပုံသုံးစွဲမှုကြောင့် အရည်အသွေးမမီခြင်း၊ လုပ်ငန်းမပြီးစီးခြင်းများလျှော့ချနိုင်ခြင်း၊ လျာထားချက်နှင့်လက်တွေ့ကွာခြားမှု ကို လျော့ကျစေခြင်း အစရှိတဲ့အကျိုးကျေးဇူးများ ရရှိလာစေမှာဖြစ်သောကြောင့် နိုင်ငံဖွံ့ဖြိုးရေး အတွက် အလွန်ကောင်းမွန်သော မူဝါဒတစ်ရပ်ကိုချမှတ်နိုင်ခြင်းလည်းဖြစ်ပါတယ်။ သို့ရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့မှာ အဆိုပါမူဝါဒအား ဖော်ဆောင်ရာတွင် စီမံခန့်ခွဲမှုအားနည်းချက်

(Institutional Weakness)များ ဖြစ်ပေါ်ခဲ့ပါတယ်။ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား ခုနစ်လနီးပါးအချိန်ယူခဲ့ခြင်းကြောင့် ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်း၏ မူလအနှစ်သာရဖြစ်သော ပွင့်လင်းရာသီတွင် တည်ဆောက်နိုင်ခွင့်များအားဆုံးရှုံးခဲ့ကာ မိုးရာသီအတွင်း လုပ်ငန်းအားလုံးဆောက်လုပ်ရမယ့်အခြေအနေသို့ရောက်ရှိခဲ့ရပါတယ်။

သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှုမညီမျှမှုအား ပိုမိုဖြစ်ပေါ်လာစေခဲ့ပြီး လုပ်ငန်းအရည်အသွေးကျဆင်းခြင်း၊ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မှုလျော့နည်းခြင်း၊ ဘဏ္ဍာငွေပြန်လည်အပ်နှံမှုများ ပိုမိုဖြစ်ပေါ်လာစေခြင်းအစရှိတဲ့အားနည်းချက်များ ပိုမိုဖြစ်ပေါ်လာခဲ့ရပါတယ်။ ဥပမာ- မြောင်းမြသူနာပြုသင်တန်းကျောင်း ခွင့်ပြုဘဏ္ဍာငွေ သန်းပေါင်း ၃၄၀၀ ကို ၂၀၁၉ ခုနှစ်ဧပြီလကုန်မှသာ တည်ဆောက်ရေးတင်ဒါချုပ်နိုင်ခဲ့တဲ့အတွက် ဘဏ္ဍာရေးနှစ်မကုန်ခင် တည်ဆောက်ချိန်လေးလ အပါအဝင် စုစုပေါင်းငါးလသာရရှိပါတော့တယ်။ ဒါကတော့ လက်ရှိ သူနာပြုသင်တန်းကျောင်း ဆောက်လုပ်ဆဲမြင်ကွင်းပဲဖြစ်ပါတယ်။ လက်ရှိဇူလိုင်လကုန်အထိ လုပ်ငန်းစုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်း သာပြီးစီးသေးတာကိုတွေ့ရှိရပြီးတော့ သတ်မှတ်အချိန်အတွင်းပြီးစီးရေးကိုအင်တိုက်အားတိုက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မြောင်းမြမြို့နယ်၊ ရန်မနိုင်တိုက်နယ်ဆေးရုံနဲ့ လပွတ္တာမြို့နယ် ပျဉ်စလူတိုက်နယ်ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ၂၀၁၉ ခုနှစ်ဧပြီလမှ တင်ဒါခေါ်ယူပြီး ၂၀၁၉ ခုနှစ် မေလလယ်ရောက်မှသာ တည်ဆောက်ရေး တင်ဒါချုပ်ဆိုနိုင်ခဲ့တဲ့အတွက် တည်ဆောက်ချိန်မိုးရာသီလေးလသာ ရရှိပါတော့တယ်။

ဒါကတော့ မြောင်းမြမြို့နယ်၊ ရန်မနိုင်တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုမှတ်တမ်းဖြစ်ပြီး ၃၁-၇-၂၀၁၉ ရက်နေ့မှာ လုပ်ငန်းစုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းသာပြီးစီးသေးတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ လပွတ္တာမြို့နယ်၊ ပျဉ်စလူတိုက်နယ်ဆေးရုံဆောက်လုပ်နေမှုမြင်ကွင်းဖြစ်ပြီး မြေကြီးတူးပြီးစဉ်မိုးသည်ထန်စွာရွာသွန်းခဲ့တဲ့အတွက် ရေတွေပြည့်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၃၁-၇-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းစုစုပေါင်းရဲ့ ၃ ရာခိုင်နှုန်းသာပြီးစီးခဲ့ပြီး အခက်အခဲများကြားမှာဆက်လက်ဆောက်လုပ်ရမှာဖြစ်ပါတယ်။ သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေးမှာအမှန်တကယ်စိန်ခေါ်မှုပဲဖြစ်ပါတယ်။ စာသင်ကျောင်းများနှင့်ပတ်သက်ပြီးတော့လည်း အခက်အခဲများစွာရှိနေခဲ့ပါတယ်။ မြောင်းမြမြို့နယ်အတွင်းရှိ အန္တရာယ်ကျောင်းဆောင်များအား ကျောင်းဆောင်အသစ်တည်ဆောက်ခွင့်ရရှိခဲ့သည့်အတွက် ကျောင်းဆောင်ဟောင်းများ ဖျက်သိမ်းခဲ့သော်လည်း

ကျောင်းဖွင့်ချိန် ဇွန်လမတိုင်ခင်အထိ တည်ဆောက်ရေးလုပ်ငန်းများ မစတင်နိုင်ခဲ့သောကြောင့် ကျေးရွာများမှ ကိုယ်ထူကိုယ်ထခနိမိုးထရံကာယာယီကျောင်းဆောင်များ ဆောက်လုပ်ခဲ့ကြရပါတယ်။ ဒါကတော့ ယာယီကျောင်းဆောင်ပုံစံဖြစ်ပါတယ်။ ဒါကတော့ မြောင်းမြမြို့နယ်၊ ခွေးလေးကြီးကျေးရွာအုပ်စုရှိ ကျေးရွာစာသင်ကျောင်းဖြစ်ပြီး ၃၁-၇-၂၀၁၉ ရက်နေ့အထိ တည်ဆောက်ပြီးစီးမှုအခြေအနေပဲဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်မကုန်ခင် နှစ်လအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးပါ့မလားဆိုတာ ဒေခံပြည်သူများအတွက် မေးခွန်းထုတ်စရာလည်းဖြစ်နေပါတယ်။

သို့ဖြစ်ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှချမှတ်သောမူဝါဒမှာ နိုင်ငံတော်အတွက် အလွန်အနှစ်သာရနှင့်ပြည့်စုံတဲ့ မူဝါဒတစ်ရပ်ဖြစ်ခဲ့သော်လည်း အချို့ဒေသများတွင် တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ကြာမြင့်နှောင့်နှေးလျက်ရှိသောကြောင့် မူဝါဒဖော်ဆောင်မှုအပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းချက်များဖြစ်ပေါ်နေခဲ့ရပါတယ်။ အဆိုပါအားနည်းချက်(Institutional Weakness) များအား စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပြီး နိုင်ငံတော်သမ္မတရုံးမှလည်း တင်ဒါလုပ်ငန်း၊ တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်(၁/၂၀၁၇)အား ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အဆိုပါညွှန်ကြားချက်တွင်ပါဝင်သော စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ဗဟိုအစိုးရ၊ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ လိုက်နာဆောင်ရွက်ရမှာဖြစ်ပြီး ပြောင်းလဲခဲ့တဲ့ဘဏ္ဍာရေးနှစ်နှင့်ညီညွတ်စွာ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား ပထမသုံးလပတ်အတွင်း အပြီးပြတ်ဆောင်ရွက်နိုင်မှသာလျှင် ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပြည့်ပြည့်ဝဝခံစားရမှာဖြစ်ပါတယ်။

သို့ဖြစ်ရာ ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်ကာ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းများအား ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်အတွင်း အပြီးအပြတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား လေးစားစွာဖြင့် တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးမိုးသူ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ မြောင်းမြမဲဆန္ဒနယ်က ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှာ ဆွေးနွေးနိုင်ဖို့အတွက် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာစိုးမိုးသူ တင်ပြသွားတဲ့အတိုင်း တင်ဒါလုပ်ငန်းတွေကို သုံးလအတွင်းမှာ အပြီးပြတ်အကောင်အထည်ဖော်နိုင်ဖို့အတွက်မှာ ဘယ်လိုကိစ္စတွေက အခက်အခဲတွေဖြစ်နေလဲဆိုတာကို အပိုင်းသုံးပိုင်းခွဲခြားပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီအပိုင်းသုံးပိုင်းအနေနဲ့ ပထမဦးဆုံး ကျွန်တော် တင်ပြလိုတာကတော့ စီမံကိန်းရေးဆွဲတဲ့အချိန်ပါ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း စာတွေထုတ်ခဲ့ပါတယ်။ စီမံကိန်းတွေကိုစတင်ပြီးတော့ ရေးဆွဲတဲ့အချိန်မှာကတည်းကိုက သက်ဆိုင်ရာမြေနေရာတွေရှာဖွေထားဖို့အတွက်ရယ်၊ ဒီဇိုင်းတွေစုံလင်စွာရေးဆွဲထားဖို့အတွက်ရယ်၊ ဘဏ္ဍာငွေကိုလုံလောက်စွာ တွက်ချက်ထားဖို့အတွက်ရယ်ဒါတွေက စာတွေအသေအချာထုတ်ထားပြီးသားပါ။ သို့သော် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေမှ ဘဏ္ဍာငွေတွေကို ခွင့်ပြုလိုက်ပြီဆိုတဲ့အချိန်ကျတော့မှ တချို့တွေက မြေနေရာကို ပြေးရှာကြတယ်။ တချို့တွေက Drawing လေးတွေကို စဆွဲကြတယ်။ အဲဒီလိုပုံစံမျိုးတွေ လုပ်ကိုင်ဆောင်ရွက်နေမယ်ဆိုရင်တော့ ကျွန်တော်တို့ ခန့်မှန်းထားတဲ့သုံးလအတွင်းမှာ အချိန်မီပြီးစီးဖို့ အင်မတန်မှအခက်အခဲဖြစ်ပါလိမ့်မယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ယူဆတာကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးသည်လည်း ဝန်ကြီးဌာနလေးတစ်ခုသာဖြစ်တဲ့အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်သည် အခြားသောဝန်ကြီးဌာနတွေနဲ့ စည်းနှောင်မှုပိုင်းမှာ အားနည်းချက်လေးတွေရှိပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနအားလုံး တည်ဆောက်ရေးလုပ်ငန်းတွေကိုအကုန်လုံးအကောင်အထည်ဖော်နေကြရတဲ့ ဌာနဆိုင်ရာပေါင်းစုံအားလုံးလိုက်နာဆောင်ရွက်ကြရတဲ့၊ နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်တဲ့ (၁/၂၀၁၇)လိုမျိုးစည်းနှောင်မှုအားကောင်းသော ညွှန်ကြားချက်တစ်ရပ်ရပ်ကိုထုတ်ပြန်ပြီး လုပ်ကိုင်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆတဲ့အတွက်ဒီဆွေးနွေးချက်ကို ကျွန်တော့်အနေနဲ့ထောက်ပြလိုခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော် တင်ပြလိုခြင်းရှိပါသေးတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ တင်ဒါတွေခေါ်ယူကြတဲ့အချိန်ပါ။ တင်ဒါခေါ်ယူကြတဲ့အချိန်မှာလည်း ကျွန်တော်တို့က လုံလောက်တဲ့အတိုင်းအတာတစ်ခု ပေးရတာရှိပါတယ်။ ဘဏ္ဍာငွေချထားမှုအပေါ်မှာမူတည်ပြီးသွားတော့ တစ်လကြိုပြီးခေါ်ရတဲ့တင်ဒါတွေ၊ နှစ်ပတ်ကြိုပြီးခေါ်ရတဲ့တင်ဒါတွေ အစရှိသဖြင့် ဒါတွေကလည်း အသီးသီးရှိနေပါတယ်။ အဲဒီဟာအပြင် ကျွန်တော်တို့တွေသည် လုပ်ငန်းပမာဏပေါ်မှာမူတည်ပြီး အဲဒီလုပ်ငန်း

ကိုဝင်ရောက်ယှဉ်ပြိုင်သော ကုမ္ပဏီအရေအတွက်ပေါ်မှာမူတည်ပြီး ပထမဦးဆုံး Technical Proposal လို့ပြောလို့ရတဲ့ နည်းပညာဆိုင်ရာအဆိုပြုလွှာတွေကို ကျွန်တော်တို့ ဖွင့်ဖောက်ပြီးစစ်ဆေးပါတယ်။ နည်းပညာဆိုင်ရာအဆိုပြုလွှာတွေကို ဖွင့်ဖောက်ပြီးစစ်ဆေးတယ်ဆိုတဲ့နေရာမှာလည်း ခုနက ကျွန်တော်တင်ပြခဲ့သလိုပါပဲ လျှောက်ထားလာတဲ့ ကုမ္ပဏီအရေအတွက်ပေါ် မူတည်၍သော်လည်းကောင်း၊ နောက်ပြီးတော့ လုပ်ငန်းပမာဏရဲ့ကြီးမားကျယ်ပြန့်မှုပေါ်သော်လည်းကောင်း ဒါတွေကို အသေးစိတ်စစ်ဆေးရတာဖြစ်တဲ့အတွက် အချိန်ကာလတစ်ခုလည်း လိုအပ်ပါသေးတယ်။ အဲဒါပြီးသွားတဲ့အခါကျတော့မှ ကျွန်တော်တို့က Price Proposal လို့ပြောလို့ရတဲ့ဈေးနှုန်း Proposal ကိုဆက်ပြီးသွားတော့ ဖွင့်ဖောက်စစ်ဆေးကြပါတယ်။

အဲဒီတော့ ဒီဟာတွေကလည်း အချိန်ကာလအတိုင်းအတာတစ်ခုပေးရမှာဖြစ်တဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေကို လုပ်ငန်းအပ်နှံမယ့်ဝန်ကြီးဌာနတွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ဝေဖန်ထောက်ပြလိုပါတယ်။ အဲဒါအပြင် ကျွန်တော်တို့က တင်ဒါလုပ်ငန်းတွေပြီးသွားပါပြီ။ စာချုပ်ချုပ်ဆိုပါမယ်အချိန်မှာကြတော့လည်း အချို့အချို့သောဝန်ကြီးဌာနတွေက သက်ဆိုင်ရာကန်ထရိုက်စာချုပ်များကို ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲနဲ့ တင်ဒါအောင်မြင်ပြီးသွားတဲ့အချိန်ကြတော့မှ ရှေ့နေချုပ်ရုံးကို ဒါမှမဟုတ်လို့ရှိရင်လည်း တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာဆိုရင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေအရာရှိကို ဒါတွေကို ကန်ထရိုက်စာချုပ်ချုပ်ဆိုဖို့ အဲဒီအချိန်ကျတော့မှ ပြန်ပြီးစာချုပ်ရေးဆွဲဖို့အတွက်ကို တင်ပြတဲ့အခါမှာ ကျွန်တော်တို့က စာချုပ်ချုပ်ဆိုဖို့အတွက်ကို လနဲ့ချီပြီးထပ်မံပြီးတော့ စောင့်ရပြန်ပါတယ်။ အဲဒီတော့ ဒီအခြေအနေတွေကိုလည်း ကျော်လွှားသွားနိုင်ဖို့အတွက်ဆိုလို့ရှိရင် စာချုပ်ချုပ်ဆို တင်ဒါခေါ်ယူတဲ့အနေအထား၊ တင်ဒါခေါ်ယူတဲ့အချိန်မှာ လုံလောက်တဲ့အချိန်ကာလပေးနိုင်ဖို့အနေအထား၊ စိစစ်ဖို့အချိန်၊ နောက်ပြီးကျရင် ကန်ထရိုက်စာချုပ်ချုပ်ဆိုဖို့ ဒီအချက်တွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဝေဖန်ထောက်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တွေက တည်ဆောက်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ သွားရောက်ပြီးတော့ စစ်ဆေးတယ်ဆိုလို့ရှိရင် အမြဲတမ်းပြောလေ့ပြောထရှိပါတယ်။ Column တိုင်တွေ ထောင်ပြီးသွားပြီဆိုလို့ရှိရင် ကျွန်တော်တို့က Ceiling တွေကိုလောင်းခိုင်းတယ်။ Ceiling တွေလောင်းထားတဲ့အချိန်မှာ Walling တွေကိုတက်ခိုင်းတယ်။ Walling တွေတက်နေတဲ့အချိန်မှာပဲ တစ်ပြိုင်နက်တည်း

ကျွန်တော်တို့က အမိုးကိုင်းတွေကို ကြိုပြီးသွားတော့ လုပ်ကိုင်ဆောင်ရွက်ပါဆိုပြီးတော့ ကျွန်တော်တို့ ညွှန်ကြားလေ့ရှိတယ်။

သို့သော် ကျွန်တော်တို့တွေရဲ့ဝန်ကြီးဌာနတွေကရော အဲဒီလိုမျိုး အဆင့်တိုင်း၊ အဆင့်တိုင်းကို ကုမ္ပဏီတွေကို ကျွန်တော်တို့ပြောသလို ကိုယ့်ဘက်ကရော ပြင်ဆင်ထားတာတွေ ရှိရဲ့လား။ ဒါလေးတွေကိုလည်း ပြန်ပြီးသွားတော့ ဝေဖန်သုံးသပ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထောက်ပြလိုပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ တင်ဒါခေါ်ယူ ပြီးစီးတဲ့အချိန်ကာလပါ။ အခုဒေါက်တာစိုးမိုးသူတင်ပြသလိုပဲ။ သုံးလအတွင်းမှာ တင်ဒါခေါ်ယူပြီးစီးဖို့ စာချုပ်ချုပ်ဆိုပြီးစီးမှုက အမှန်တကယ်ကိုပြီးစီးဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လိုအပ်တာလဲဆိုတော့ ကျွန်တော်တို့တွေသည် အခုအသစ်ပြောင်းလဲလိုက်သော ဘဏ္ဍာရေးနှစ်အရဆိုရင် အောက်တိုဘာလ မှာ ကျွန်တော်တို့က ဘဏ္ဍာရေးနှစ်စပါမယ်။ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ သုံးလမှာ ကျွန်တော်တို့က အပြီးအပြတ်လုပ်နိုင်တယ်ဆိုတော့မှသာလျှင် မိုးလေကင်းလွတ်တဲ့ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ နောက်ဆုံးကုန်ကုန်ပြောရင် မေလအဆင့်အထိ ကျွန်တော်တို့က လုပ်ငန်းတွေကို ငါးလလောက် ကောင်းကောင်းကြီးကို မိုးလေကင်းလွတ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့က အဆင်ပြေချောမွေ့သွားတဲ့ တင်ဒါကိစ္စလေးတွေကိုပဲ ကျွန်တော်တို့ တင်ပြလိုခြင်းပါ။ အကယ်၍ အဆင်မပြေချောမွေ့မှုမရှိလို့ ကျွန်တော်တို့က Re-Tender ပြန်ခေါ်ရတဲ့ကိစ္စမျိုးလေးတွေလည်း ရှိပါသေးတယ်။

အကယ်၍ အကြောင်းအမျိုးမျိုးကြောင့်မို့လို့ ဒေသန္တရဈေးနှုန်းတွေနဲ့ မကိုက်ညီတာ၊ ဘိလပ်မြေဈေးနှုန်းတွေတက်သွားတာ၊ အုတ်ဈေးနှုန်းတွေ တက်သွားတာ အစရှိသဖြင့် ဒီလိုမျိုး မမျှော်မှန်းနိုင်တဲ့ အခြေအနေတစ်ခုခုဖြစ်လာခဲ့ပြီဆိုရင်၊ တင်ဒါအောင်မြင်မှုမရှိဘူးဆိုရင် ကျွန်တော်တို့တွေသည် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားတဲ့ (၁/၂၀၁၇)ညွှန်ကြားချက်အရ ဒုတိယအကြိမ် တင်ဒါ ကျွန်တော်တို့ ထပ်ပြီးခေါ်ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ကလည်း အချိန်ထပ်ပေးရပါသေးတယ်။ ဒုတိယအကြိမ် တင်ဒါမှာမှ မအောင်ဘူးဆိုရင် တတိယအကြိမ် တင်ဒါကျွန်တော်တို့ ထပ်ပြီး ခေါ်ယူရပါသေးတယ်။ အဲဒီလိုမျိုး ခေါ်ယူပြီးသွားတဲ့ အချိန်မှာကျတော့မှ ထပ်ပြီးတော့အောင်မြင်မှု မရှိဘူးဆိုရင် ကျွန်တော်တို့တွေသည် ရွေးချယ်စရာ လမ်းကြောင်း သုံးခုပေါ်ပေါက်လာပါတယ်။ ကျွန်တော်တို့က ထပ်တိုးဘတ်ဂျက်လို့ပြောလို့ရတဲ့ ဖြည့်စွက်ရန်ပုံငွေ RE မှာ ဆက်ပြီးတောင်းမလား။

သို့တည်းမဟုတ် ဌာနဆိုင်ရာကနေပြီးတော့ တာဝန်ယူပြီး အကောင်အထည်ဖော်ဆောင်ရွက်မလား။ သို့တည်းမဟုတ် တင်ဒါကော်မတီကနေပြီးတော့မှ အစည်းအဝေးထိုင်ပြီးသွားတော့မှ သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်ကို တာဝန်ပေးစေခိုင်းမလား။ အဲဒီလိုမျိုးအနေအထားမှာ လက်ရှိကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်နေရတဲ့ အနေအထားတွေမှာ တွေ့မြင်လိုက်ရတဲ့ဟာကတော့ ကျွန်တော်တို့ တင်ဒါ ခေါ်ယူမှုတောင်မှ မပြီးပြတ်သေးတော့ RE လို့ပြောလို့ရတဲ့ ဖြည့်စွက်ရန်ပုံငွေမှာတင်ဖို့ မမှီတော့ပါ။ အဲဒီလို မမှီတော့တဲ့အခါမှာ ကျွန်တော်တို့က ရွေးချယ်စရာ နောက်ထပ်နှစ်မျိုးပဲ ကျန်ပါတော့တယ်။ ဌာနက အကောင်အထည် ဖော်မလား။ သို့တည်းမဟုတ် တင်ဒါကော်မတီကနေမှ တစ်ဦးဦး ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုကို တာဝန်ပေးမလား။ အဲဒီကျတော့ ကျွန်တော်တို့မှာ အင်မတန်မှခက်ခဲသော Term Constraint တစ်ခုကို ကျွန်တော်တို့ သွားပြီးတော့ တွေ့ရပြန်ပါတယ်။

အဲဒါကတော့ ဘာလဲဆိုတော့ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ရှစ်လပိုင်းထဲရောက်လာပြီ။ ပြီးခဲ့တဲ့ ခုနစ်လပိုင်း ဇူလိုင်လကမှ ဒီလိုမျိုးအလုပ်တွေကို ကျွန်တော်တို့ လုပ်ငန်းတွေကို အပ်နှံလိုက်ရတယ်။ ဒါပေမဲ့ လုပ်ငန်းကို ပြီးဆုံးဖို့အတွက်သည် စက်တင်ဘာလ ၃၀ ရက်နေ့မှာ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ သတ်မှတ်ထားတယ်။ အဲဒီတော့ တည်ဆောက်ရေးလုပ်ငန်းတစ်ခုကို ဘယ်လိုမျိုး လျှင်လျှင်မြန်မြန် လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်ပါစေ နှစ်လအတွင်းမှာ အရည်အသွေးပြည့်မီတဲ့ လုပ်ငန်းတွေ ဖြစ်ပါ့မလားဆိုတာမျိုးတွေ ကျွန်တော်တို့ လတ်တွေ့မှာ ရင်ဆိုင်ကြုံတွေ့ရပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီအချက်အလက်တွေအကုန်လုံးကို ရင်ဆိုင်ကျော်လွှားသွားနိုင်ဖို့အတွက် ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးကနေပြီးသွားတော့မှ ဘဏ္ဍာငွေကို ခွင့်ပြုလိုက် တဲ့အချိန် အောက်တိုဘာလစပြီဆိုတာကတည်းကိုက သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ဒေါက်တာ စိုးမိုးသူရဲ့ အခုအဆိုမှာပါဝင်တဲ့အတိုင်း သုံးလအတွင်းမှာသာ တင်ဒါလုပ်ငန်းတွေကို ခေါ်ယူနိုင်မယ်။ တင်ဒါလုပ်ငန်းတွေကို ရွေးချယ်နိုင်တယ်။ ဒါ့အပြင် စာချုပ်ချုပ်ဆိုတဲ့အထိပါ လုပ်ကိုင်ဆောင်ရွက် နိုင်မယ်ဆိုရင် ကျွန်တော်တို့တွေသည် နိုင်ငံတော်အစိုးရကနေပြီးသွားတော့မှ မျှော်မှန်းထားတဲ့ မိုးလေ ကင်းလွတ်သောနေရာတွေမှာ အရည်အသွေးပြည့်မီသော အဆောက်အဦတွေကို တည်ဆောက်ရာမှာ နိုင်ငံတော်အစိုးရရဲ့မူဝါဒနဲ့အညီ လုပ်ကိုင်ဆောင်ရွက်သွားနိုင်တဲ့အနေအထား ဖြစ်လာလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒေါက်တာစိုးမိုးသူရဲ့ ဖော်ပြပါအဆိုကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီး ကနေပြီးတော့ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဒေါက်တာစိုးမိုးသူတင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်ကတင်သွင်းသော ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ကာ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်း လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ် အတွင်း အပြီးအပြတ် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စာလှယ်များအနေနဲ့ ၅-၈-၂၀၁၉ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၆-၆-၂၀၁၉ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်ပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၀-၆-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်သုံးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၅၉)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၃၆)ချက်နဲ့စပ်လျဉ်းပြီး ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀

နည်းဥပဒေခွဲ(ဃ)အရ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဥ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၅၉)ချက်ကိုတင်ပြဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဥ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့သော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂-၅-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၂-၅-၂၀၁၉ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ဖြစ်တဲ့ ၆-၆-၂၀၁၉ ရက်(ကြာသတေးနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၀-၆-၂၀၁၉ ရက်(တနင်္လာနေ့)နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများဖြစ်သည့် ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)၊ ဒေါက်တာမောင်သင်း (မိတ္ထီလာမဲဆန္ဒနယ်)နှင့် ဦးငွေငွေ(မြောင်မဲဆန္ဒနယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၇-၂၀၁၉ ရက်နေ့ (အင်္ဂါနေ့)နှင့် ၃၀-၇-၂၀၁၉ ရက်(အင်္ဂါနေ့)တို့တွင် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ အထက်ဖော်ပြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။

ယင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားတဲ့ အချက်(၅၉)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ သို့အတွက် အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီခဲ့သည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

[အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၉)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၅ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ မှ ၅ | ၂၊ ၃၊ ၄၊ ၇၊ ၉ | အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)(၂)နှင့် (၃)၊ အပိုဒ်ခွဲ(စ)(ဆ)(ဇ)(ဈ)(ည)နှင့် (ဋ) |
| (ဂ) | ၆ | ၁၀၊ ၁၁ | အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)(ခ)နှင့် (ဂ) |
| (ဃ) | ၆ မှ ၇ | ၁၃၊ ၁၄၊ ၁၆ | အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)နှင့်(ဂ) |
| (င) | ၈ မှ ၉ | ၁၇၊ ၁၈ | အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၅ |
| (စ) | ၉ မှ ၁၈ | ၂၀၊ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၇၊ ၂၈၊ ၂၉၊ ၃၂၊ ၃၃ | အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)(၃)နှင့်(၄)၊ အပိုဒ်ခွဲ(ခ)၊ |

| | | | |
|---|---|---|---|
| | | | အပိုဒ် ၁၃ |
| (ဆ) | ၁၈ မှ ၂၄ | ၃၄၊ ၃၅၊ ၃၇၊ ၃၈၊ ၃၉၊ ၄၂၊ ၄၄၊ ၄၇ | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က) |
| (ဆ) | ၁၈ မှ ၂၄ | ၃၄၊ ၃၅၊ ၃၇၊ ၃၈၊ ၃၉၊ ၄၂၊ ၄၄၊ ၄၇ | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဇ) | ၂၅ မှ ၃၄ | ၄၉၊ ၅၁၊ ၅၃၊ ၅၆၊ ၅၈၊ ၆၁၊ ၆၃၊ ၆၅၊ ၆၇၊ ၇၀ | အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)(၂)(၃)(၄)(၅)နှင့်(၆)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)(၂)(၃)နှင့် အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)နှင့်(၂)၊ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၃၁ |
| (ဈ) | ၃၄ မှ ၃၆ | ၇၂၊ ၇၃၊ ၇၅၊ ၇၆၊ ၇၈ | အခန်း(၈)ခေါင်းစဉ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ)(ဂ)နှင့်(ဃ) |
| (ည) | ၃၇ မှ ၃၈ | ၈၀၊ ၈၂ | အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ) |
| (ဋ) | ၃၈ | ၈၃ | အခန်း(၁၀)ခေါင်းစဉ် |
| (ဌ) | ၃၈ မှ ၄၂ | ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ | အခန်း(၁၁)ခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ |

| | | | |
|---|---|---|---|
| | | ၈၉၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅ | အပိုဒ် ၄၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ |

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းတဲ့ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်အပေါ် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၅၉)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၅၉)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၅၉)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၃၆)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အထက်တွင် တင်ပြခဲ့သည့် အစည်းအဝေးများ၏ ညှိနှိုင်းသဘောတူညီဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်၏

အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် (၃၆)ချက်ရှိပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့အတွက် အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၃၆)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၃၆)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ မှ ၄ | ၅၊ ၆၊ ၈ | အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ်ခွဲ(ဂ) (ဃ)နှင့်(င) |
| (ခ) | ၆ မှ ၇ | ၁၂၊ ၁၅ | အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) |
| (ဂ) | ၉ | ၁၉ | အပိုဒ် ၆ |
| (ဃ) | ၁၀ မှ ၁၅ | ၂၃၊ ၂၆၊ ၃၀၊ ၃၁ | အပိုဒ် ၈ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၉ ရှိ ရှင်းလင်းချက်၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) |
| (င) | ၁၈ မှ ၂၅ | ၃၆၊ ၄၀၊ ၄၁၊ ၄၃၊ ၄၅၊ ၄၆၊ ၄၈ | အပိုဒ် ၁၅၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) |
| (စ) | ၂၅ မှ ၃၄ | ၅၀၊ ၅၂၊ ၅၄၊ ၅၅၊ ၅၇၊ ၅၉၊ ၆၀၊ ၆၂၊ ၆၄၊ | အပိုဒ် ၂၃ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၇)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က) ခြေဆင်း၊ |

| | | | |
|---|---|---|---|
| | | ၆၆၊ ၆၈၊ ၆၉၊ ၇၁ | အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၃)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၂)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂ |
| (ဆ) | ၃၄ မှ ၃၇ | ၇၄၊ ၇၇၊ ၇၉ | အပိုဒ် ၃၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၃၅ အပိုဒ် (က)၊ အပိုဒ် ၃၆ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဇ) | ၃၇ | ၈၁ | အပိုဒ် ၃၇ အပိုဒ်(က) |
| (ဈ) | ၃၈ | ၈၄ | အပိုဒ် ၃၈ |
| (ည) | ၄၁ | ၉၀ | အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ) |

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ရန်တင်ပြချက် (၃၆)ချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၃၆) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၃၆)ချက်သည် ဥပဒေ

မူကြမ်း

ကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ (၁.၈.၂၀၁၉)**
**ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ**

pyithu.hluttaw.mm


U Oo Tun Win


Maj Genl Myint Nwe

pyithu.hluttaw.mm


U Sat Aung


U Toe win

pyithu.hluttaw.mm


U Kyaw Linn


Daw Ni Ni May Myint

pyithu.hluttaw.mm


U Kyaw Linn


U Sai Kyaw Moe

pyithu.hluttaw.mm


U Kyaw Linn


U Par Htan

pyithu.hluttaw.mm


U Kyaw Linn


U Lagan Zel Gyone

pyithu.hluttaw.mm



U Kyaw Linn



U Moe Shwe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်